ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့၊ (28-8-2005) (၄၇၀၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေး(၄/၂၀၀၅)သို့ တက်ရောက်၍ ဆွေးနွေးမှာကြား

လာမည့်အမျိုးသားညီလာခံတွင် ဆောင်ရွက်ရန်ရှိမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၇

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အစည်းအဝေး အမှတ်စဉ်(၄/၂၀၀၅)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တရားသူကြီးချုပ် ဦးအောင်တိုး၊ ကော်မရှင်အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဆောင်ရွက်သည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အစည်းအဝေး(၄/၂၀၀၅)တွင် ဆွေးနွေးမှာကြားစဉ်။
(သတင်းစဉ်)

ကြေးမုံ The Mirror

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

- *နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူအားလုံး၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေးအတွက် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး (၂၄)ခုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတို့ကို ချမှတ်၍ အချိတ်အဆက်မိမိ အကောင်အထည်ဖော်လျက်ရှိသည်။*
  ခေါင်းကြီး (စာမျက်နှာ-၂)
- *အာဟာရနှင့်ပတ်သက်လို့ အစာလည်းဆေး၊ ဆေးလည်းအစာလို့ ဆိုရိုးစကားအတိုင်းပြောရရင် လူတွေ နေ့စဉ်စားသောက်နေကြတဲ့ အရွက်၊ အသီး၊ အပွင့်၊ အမြစ်များထဲက ဟင်းလျာအဖြစ်နဲ့ ချက်ပြုတ်စားသောက်နိုင်တာကို ဓာတ်စာလို့ခေါ်တယ်။*
  တင်ထွဋ် (အစိုးရတိုင်းရင်းဆေး)၏ **"ခြောက်ပါးရသာ မျှစားပါ"**
  ဆောင်းပါး (စာမျက်နှာ-၆)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၈-၈-၂၀၀၅
(တနင်္ဂနွေနေ့)

ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ မြို့မိမြို့ဖများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းလာရေးဖြစ်သည်။ နိုင်ငံတော်အစိုးရက ကြောင်းကျိုးဆီလျော်မှန်ကန်သည့် မူဝါဒများဖြင့် လမ်းပြဖော်ဆောင်၍ ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ သာယာခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း အခြေခံကောင်းများ ဖြစ်ထွန်းလာစေရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူအားလုံး၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားရေးအတွက် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ ခုစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းတို့ကိုချမှတ်၍ အချိတ်အဆက်မိမိ အကောင်အထည်ဖော်လျက်ရှိသည်။

တစ်ချိန်တည်းတွင် မြို့နယ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောစီးပွားရေး၊ ပညာရေး၊ လူမှုရေး အခြေခံအဆောက်အအုံများစွာတို့ကို တည်ဆောက်ဖြည့်ဆည်းပေးနေသည်။ ယင်းသို့သော အချိန်အခါတွင် အခြေခံကျသည့် မြို့နယ်တာဝန်ခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မြို့နယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တီထွင်ကြံဆမှုအား၊ ဝီရိယအား၊ စေတနာအားတို့ပေါင်းစပ်ပြီး ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်လ ၂၂ ရက်နေ့က ရှမ်းပြည်နယ် (မြောက်ပိုင်း) ခရီးစဉ်အတွင်း တန့်ယန်းတပ်နယ်နှင့် မိုင်းရယ်မြို့နယ်ရှိ ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်မှုစီမံကိန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတို့အား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ခရီးစဉ်အတွင်း မိုင်းရယ်မြို့သို့ ရောက်ရှိစဉ် မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံရာတွင် မြို့နယ်၏ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို လုပ်ဆောင်ရာတွင် ဝတ်ကျေတန်းကျေမျှသာ လုပ်ဆောင်နေခြင်းမျိုးမဟုတ်ဘဲ တာဝန်ကျရာဒေသအား မိမိ၏ဇာတိသဖွယ် သဘောထား၍ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ဒေသဝမ်းစာ ဖူလုံပိုလျှံရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများကို အလေးထားလုပ်ကိုင်လျက်ရှိရာ တန့်ယန်းတပ်နယ်ရှိ ကုန်းမြင့်လယ်ယာမြေ ဧက ၅၀၀ ဖော်ထုတ်ရေးစီမံကိန်းတွင် တပ်ရင်းတပ်ဖွဲ့များက ပြောင်း၊ မြေပဲ၊ ပဲစင်းငုံ၊ ပဲပုပ်၊ နေကြာစသည့် သီးနှံများကို စိုက်ပျိုးနေကြပြီဖြစ်သည်။ ထို့အပြင် တပ်နယ်အတွင်း ပျားလိမ္မော်ဧက ၂၀၀ နှင့် ရာသီသီးနှံမျိုးစုံကိုလည်း စိုက်ပျိုးလျက်ရှိသည်။

လားရှိုးခရိုင် မိုင်းရယ်မြို့နယ်အတွင်း နားခေါ်ကျေးရွာအနီးတွင် ကုန်းမြင့်လယ်ယာမြေဧက ၇၀၀ ဖော်ထုတ်ရေးစီမံကိန်းကို လုပ်ကိုင်လျက်ရှိရာ ယခုအခါ ဖော်ထုတ်ပြီးလယ်ယာမြေဧက ၂၀၀ ၌ ဆင်းရွှေလီအထွက်တိုး မိုးစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

အဆိုပါကုန်းမြင့်လယ်ယာမြေစီမံကိန်းအတွက် နမ့်ဟူးမွန်ချောင်းမှရေကို ရေသွယ်တူးမြောင်းများဖြင့် ပေးပို့လျက်ရှိသည်။ ထို့အပြင် ချောင်းပိတ်၊ မြောင်းပိတ်တမံများ တည်ဆောက်ရေးအတွက် သက်ဆိုင်ရာဌာနများက စက်ယာဉ်ယန္တရားများ ပေးပို့ကူညီနိုင်ရေး စီစဉ်လျက်ရှိသည်။

မိုင်းရယ်မြို့နယ်အတွင်း လယ်စပါး၊ မိုးစပါး၊ တောင်ယာစပါး၊ ဧကလေးသောင်းကျော်နှင့် နှစ်ရှည်သီးနှံများကို စိုက်ပျိုးလျက်ရှိရာ ကုန်းမြင့်လယ်ယာမြေစီမံကိန်းနှင့် ရေလှောင်တမံတည်ဆောက်မှုများ ပြီးစီးမှုနှင့်အတူ သီးနှံစိုက်ဧကများ တိုးတက်လာနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ စိုက်ပျိုးရေးလုပ်ငန်းများအပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဖော်ဆောင်လျက်ရှိရာတွင် သက်ဆိုင်ရာဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ကျရာ ဒေသမှ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် အားကြိုးမာန်တက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်

ရန်ကုန် ဩဂုတ် ၂၇

၂၀၀၅ခုနှစ် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၁၀နာရီက ပြင်ဦးလွင်တပ်နယ်ရှိ စက်ပစ်ကွင်း(၁)၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားပြီးနောက် ပြိုင်ပွဲကို တိုင်းမှူးကသေနတ်ပစ်ဖောက်ဖွင့်လှစ်ပေးသည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၂၈ သင်းမှအားကစားသမားစုစုပေါင်း ၂၁၀ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဩဂုတ် ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကြည်ညို

မွန်းလွဲ ၂ နာရီတွင် တိုင်းမှူးသည် မန္တလေးမြို့မြနန်းစံကျော်ရွှေနန်းတော်၌ ကျင်းပသည့်မန္တလေးတိုင်း စတုပစ္စယာနုဂ္ဂဟအသင်း၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်ကပ်လှူပွဲအခမ်းအနားသို့တက်ရောက်ကြည်ညိုသည်။

ဆောက်တည်

အခမ်းအနားသို့နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင် သာသနာပိုင် မဟာဝိသုဒ္ဓါရုံ တိုက်သစ်၊ ဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တ အဂ္ဂိယအမှူးပြုသော ဆရာတော် သံဃာတော် ၆၃ပါး ကြွရောက်တော်မူကြပြီး အစီအစဉ်အရ ညှိ့ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တ အဂ္ဂိယထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြ၍ ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော်များ နာကြားကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် တိုင်းမှူးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး တာဝန်ရှိသူများနှင့်အတူ ဆရာတော် သံဃာတော်တို့အား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါအခမ်းအနားတွင် သင်္ကန်းဒိုစုံ ၁၁၆၂စုံ၊ ဆွမ်းဆန် ၁၀၂၂၁အိတ်လှူဒါန်းခဲ့ပြီးတစ်ဦးချင်းအလှူရှင်များ ဖြစ်သည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး မိသားစုက ၁၀ပိဿာဝင် စားသုံးဆီ၃၆ပုံး၊ မောရိယမန်းဆေး မိသားစုမှ ငွေကျပ် သိန်း ၂၀ ကျော်တန်ဖိုးရှိ မောရိယမန်းဆေးများ ထပ်မံလှူဒါန်းကြသည်။

လက်ခံရယူ

အခမ်းအနားအပြီးတွင် မန္တလေးမြို့ မဟာလောကမာရဇိန်ဘုရားအတွင်းရှိ ပဋ္ဌမသင်္ဂါယနာတင် ပိဋကတ်တော်ကျောက်စာတိုင်များ ပြုပြင်မွမ်းမံရန်အတွက် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေကျပ်သိန်း၅၀ ကိုတိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းကလည်းကောင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှလှူဒါန်းငွေကျပ်သိန်း၅၀ကို မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ကလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာနမှ လှူဒါန်းငွေကျပ်သိန်း ၅၀ ကို သာသနာတော်ထွန်းကား ပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးမြင့်ကလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာတိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က လက်ခံရယူသည်။ (သတင်းစဉ်)

ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် မီးသတ်သင်တန်းကျောင်း ကျန်စစ်သားခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

လေးပတ်ကြာ

အဆိုပါ သင်တန်းကို ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၃၃ ဦး တက်ရောက်ခဲ့သည်။

(သတင်းစဉ်)

မင်းဘူးခရိုင် ခရိုင်အဆင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်

ရန်ကုန် ဩဂုတ် ၂၇

မင်းဘူးခရိုင် ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ်၂၀ရက် နံနက် ၈နာရီက မင်းဘူးမြို့ရှိ ဦးဩဘာသခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင်အေးချမ်းသာ ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး မျိုးအောင် တက်ရောက်၍ ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။ ဩဂုတ် ၂၁ရက်အထိ ကျင်းပပြီး ညပိုင်းတွင် ဆုပေးပွဲကို ကျင်းပသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉ ပထမထပ်တွင် ဖွင့်လှစ်ထားသော ဓမ္မရိပ်သာအား ထာဝရ တရားရိပ်သာ ဖွင့်လှစ်နိုင်ရေးအတွက် ဩဂုတ် ၁၅ ရက်က အလှူငွေများပေးအပ်လှူဒါန်းပွဲ ကျင်းပရာ ရိပ်သာဖြစ်မြောက်ရေးကော်မတီမှ လှူဒါန်းငွေ ကျပ် ၁၀သိန်းကို နာယကဆရာဦးကျော်နိုင်ထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တရားပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၇

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့် စေတီတော် ဗုဒ္ဓသာသနာ့ ဝေယျာဝစ္စနိဗ္ဗာန်ဆော်ဝတ်အသင်း၏ အရိယာဓမ္မာရုံတွင် ရန်ကုန်မြို့မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ရန်ကင်းမြို့နယ် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ဘုရားလေးကျောင်းတိုက် ဆရာတော်ဦးအဂ္ဂဉာဏ သည် ဝါခေါင်လကွယ်(စက်တင်ဘာ ၂ ရက်) မွန်းလွဲ ၂ နာရီတွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၈-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဃောသိတတရားတော်** ဘူတံဘူတတောပဿတိ
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** -Business Environment. (ပထမနှစ်-စီးပွားရေးပညာ)
- **၄:၅၀** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- **၅:၀၀** ၆။ အမေးကမ္ဘာတွေးစရာ
- **၆:၀၀** ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၈။ နိုင်ငံတကာသတင်း
- **၆:၂၀** ၉။ မိုးလေဝသသတင်း
- **၆:၂၅** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကြော်ငြာချစ်သူ" (အပိုင်း-၁၁)**
- **၈:၀၀** ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ပဟေဠိနန်းတော်
- ၁၆။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၁၇။ **English Premier League ဘောလုံးပွဲ Newcastle United Vs Manchester United.**
- ၁၈။ သင့်အတွက်မနက်ဖြန်
- ၁၉။ အပိတ်နှုတ်ဆက်စကား
- ၂၀။ ပြီးပါပြီ။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဟိုပန်နှင့်ကွမ်းလုံဒေသ ရော်ဘာစိုက်ခင်းများ ကြည့်ရှုစစ်ဆေး မူဆယ်နှင့်နမ့်ခမ်းမြို့နယ် အထူးအထွက်တိုး ဆင်းရွှေလီမိုးစပါး ဓာတ်မြေဩဇာကြွပက်ပွဲ တက်ရောက်အားပေး

ရန်ကုန် ဩဂုတ် ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ လောက်ကိုင်တပ်နယ်မှ ဗိုလ်မှူးကြီး ထွန်းနေလင်းတို့ လိုက်ပါလျက် ဩဂုတ် ၂၄ရက် နံနက် ၉ နာရီခွဲတွင် လောက်ကိုင်တပ်နယ်ခန်းမသို့ ရောက်ရှိပြီး လောက်ကိုင်တပ်နယ်မှ အရာရှိစစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး မှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် ဖိုင်ကျောင်းကျေးရွာ၌ ကျင်းပသည့် ၂၀၀၅-၂၀၀၆ခုနှစ် အထူးအထွက်တိုး ဆင်းရွှေလီ စပါးမျိုးစေ့ထုတ် စံပြ ၁၀ဧကစိုက်ခင်း ဝတ်မှုန်ကူးပွဲတော် အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တောင်သူများက လက်တွေ့ဝတ်မှုန်ကူး သရုပ်ပြသနေမှုကို ကြည့်ရှုအားပေးစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ချင်းရွှေဟော်မြို့ရောက်ရှိ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် လောက်ကိုင်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် လောက်ကိုင်-ချင်းရွှေဟော် ကားလမ်းတစ်လျှောက် တောင်ကုန်းများ၌ ကုန်းမြင့်လယ်ယာမြေစနစ်ဖြင့် ဒေသသီးနှံပင်များ၊ စက်မှုကုန်ကြမ်း သီးနှံရော်ဘာများအပါအဝင် နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ နံနက် ၁၁နာရီခွဲတွင် ချင်းရွှေဟော်မြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ချင်းရွှေဟော်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကြိုဆိုနေကြသော ချင်းရွှေဟော်မြို့တွင် တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ ချင်းရွှေဟော်မြို့၏ ကျန်းမာရေး၊ ပညာရေး အခြေအနေများကို မေးမြန်းကာ ဒေသနေ တိုင်းရင်းသားများနှင့်အတူ ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ် စုစုစည်းစည်းဖြင့် ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်သွားကြရေး မှာကြားသည်။

ဖွံ့ဖြိုးမှုကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဟိုပန်မြို့သို့ရောက်ရှိပြီး ဟိုပန်မြို့ ကျောက်ချွန်တောင်ရှုရပ်ကုန်းမှ ဟိုပန်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ဟိုပန်ဒေသ မြေပြန့်လွင်ပြင်များ၌ ဘိနပ်အစားထိုးသီးနှံ ဆင်းရွှေလီ အထူးအထွက်တိုးစပါး စိုက်ပျိုးထားရှိမှု၊ တောင်ကုန်းနှင့် လျှိုမြောင်များ၌ စက်မှုကုန်ကြမ်းသီးနှံ ဘိန်းအစားထိုး ရော်ဘာစိုက်ခင်းများ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဟိုပန်မြို့နယ် နမ့်တိန်ချောင်းတစ်လျှောက်၌ ဘိန်းအစားထိုး စက်မှုကုန်ကြမ်း ရော်ဘာဧက ၁၈၆၀ စိုက်ပျိုးထားမှုအပါအဝင် ကွမ်းလုံခရိုင်တစ်ခုလုံး၌ ရော်ဘာဧက ၄၂၅၅ဧက စိုက်ပျိုးထားရှိသည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ပန်ဆန်းဒေသ၌ ရော်ဘာဧက ၆၀၀၀၊ မိုင်းပေါက်ဒေသ၌ ရော်ဘာဧက ၃၅၀၀၊နမ့်တစ်၊ ခွေးမာ၊ မိုင်းမောဒေသတို့၌ ရော်ဘာဧက ၇၄၂၃ ဧကအပါအဝင် ပြည်နယ်တစ်ခုလုံး၌ ရော်ဘာ ၂၁၁၇၈ဧက စိုက်ပျိုးထားရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဟိုပန်မြို့နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များမှာကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဟိုပန်မြို့နယ်အတွင်းရှိ မြေပြန့်လွင်ပြင်များ၊ တောင်ကြားလျှိုမြောင်များ၊ တောင်ကုန်းများ၌ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသော တိုင်းရင်းသားလုပ်ငန်းရှင်များ၏ စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာစိုက်ခင်းများ၊ နှင်းသီး၊လိုင်ချီး၊ လိမ္မော်နှင့် ပြောင်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ကွမ်းလုံခရိုင်တွင် ဘိန်းအစားထိုးသီးနှံအဖြစ် စက်မှုကုန်ကြမ်းရော်ဘာကို ဟိုပန်မြို့နယ်၌ ၁၄၄၂ဧက၊ ကွမ်းလုံမြို့နယ်၌ ၂၇၀၃ဧက စုစုပေါင်း ၄၂၅၅ဧက စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် အဆိုပါ ရော်ဘာစိုက်ခင်းများမှ ၅၈၅ ဒသမ ၅ဧကမှာ အစေးထုတ်နိုင်သည့်အရွယ်သို့ ရောက်ရှိနေပြီးဖြစ်သည်။

ဘိန်းအစားထိုးရော်ဘာ

ကွမ်းလုံခရိုင် ဟိုပန်နှင့် ကွမ်းလုံဒေသတို့၌ တစ်နှစ်ခွဲသားအရွယ် ရော်ဘာပျိုးပင် စုစုပေါင်း ၂၉၂၅၀၀ ကို တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဟိုပန်-ကွမ်းလုံ-သိန်းနီ-မူဆယ် ကားလမ်းတစ်လျှောက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု အခြေအနေများနှင့် ဘိန်းအစားထိုးသီးနှံ ဆင်းရွှေလီ စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးထားရှိမှုများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် မူဆယ်မြို့သို့ ရောက်ရှိကြပြီး ညအိပ်ရပ်နားကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၂၅ရက် နံနက် ၈နာရီခွဲတွင် မူဆယ်ခရိုင် မူဆယ်မြို့နယ် ဖိုင်ကျောင်းကျေးရွာ၌ ကျင်းပသည့် ၂၀၀၅-၂၀၀၆ခုနှစ် အထူးအထွက်တိုး ဆင်းရွှေလီ စပါးမျိုးစေ့ထုတ် စံပြ ၁၀ဧကစိုက်ခင်း ဝတ်မှုန်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်းက မူဆယ်ခရိုင်၏ ဝမ်းစာစပါး ဖူလုံမှုအခြေအနေနှင့် ဆင်းရွှေလီ စပါးမျိုးစေ့ထုတ်စိုက်ကွင်း စိုက်ပျိုးဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မူဆယ်ခရိုင် မန်နေဂျာ ဦးနိုင်ကြည်ဝင်းက စပါးစိုက်ခင်းအတွင်း အဖိုလိုင်းပင်ကြား ၉လက်မ၊ တန်းကြား ၁၂လက်မ၊ အမလိုင်း ပင်ကြား ၆လက်မ၊ တန်းကြား ၆လက်မ စိုက်ပျိုးထားရှိမှုကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဆင်းရွှေလီ စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် မူဆယ်ခရိုင်၌ မိုးစပါးအသားတင်စိုက်ဧက ၄၂၈၀၀ စိုက်ပျိုးခဲ့သည့်အနက် ဆင်းရွှေလီစပါးကို ဧကသုံးသောင်းကျော်နှင့် ဒေသမျိုးဧက တစ်သောင်းကျော် စိုက်ပျိုးနေမှုတို့နှင့် ပတ်သတ်၍ ရှင်းလင်းတင်ပြပြီး ဆင်းရွှေလီစပါးစိုက်ပျိုးမှု အချိုးအစားများနှင့် ထွက်ရှိမှုနှုန်းထားများကို နှိုင်းယှဉ်တင်ပြသည်။

အမှာစကားပြောကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီမံခန့်ခွဲမှုအောက်တွင် ဒေသဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများ၊ တိုင်းရင်းသားပြည်သူများ၏ တက်ညီလက်ညီ ပါဝင်ပူးပေါင်း ဆောင်ရွက်မှုများကြောင့် ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများသည် တိုးတက်အောင်မြင်မှုများ ရရှိနေသည်ကို တွေ့မြင်ရသဖြင့် အားရကျေနပ်မိပါကြောင်း။

မိမိအနေဖြင့် ယခင်က ဤဒေသများ၌ တာဝန်ထမ်းဆောင်ခဲ့ဖူးရာ ထိုအချိန်က ဒေသခံပြည်သူများသည် စိုက်ပျိုးရေးလုပ်ငန်းများတွင် မိရိုးဖလာနည်းဖြင့်သာ စိုက်ပျိုးခြင်းတို့ကြောင့် အထွက်နှုန်းနည်းခဲ့ရာမှ ယခုအခါ ပြောင်းလဲတိုးတက်လာသော စိုက်ပျိုးရေးနည်းစနစ်များကို အသုံးပြုခဲ့၍ ဒေသတစ်ခုလုံး စပါးစိုက်ခင်းများဖြင့် စိမ်းလန်းစိုပြည်လာပြီး အထွက်နှုန်းများ ကောင်းမွန်လာပြီဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ ဒေသတစ်ခုလုံး ဝမ်းစာဖူလုံရန်၊ ဦးစွာ မြို့နယ်များ၏ ဝမ်းစာစပါးဖူလုံရေးကို ဆောင်ရွက်ရန် လမ်းညွှန်ချက်အပေါ် ရှမ်းပြည်နယ်(မြောက်ပိုင်း)အနေဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခင်က ၇၀ ရာခိုင်နှုန်းသာ ဝမ်းစာစပါး ဖူလုံမှုရှိခဲ့ရာမှ ယနေ့အချိန်အခါတွင် ၁၀၃ ရာခိုင်နှုန်းအထိသို့ပင် ဖူလုံခဲ့ပြီဖြစ်ကြောင်း၊ ထိုကဲ့သို့ စိုက်ပျိုးရေးကဏ္ဍတွင် အောင်မြင်လာခြင်းမှာလည်း ညွှန်ကြားချက်များအပေါ် ဌာနဆိုင်ရာများနှင့် ဒေသနေ ပြည်သူများအဆင့်ဆင့်က လိုက်နာဆောင်ရွက်ခဲ့ကြ၍ပင် ဖြစ်ကြောင်း၊ ထို့ကြောင့် ရရှိပြီးသော အောင်မြင်မှု အသီးအပွင့်များကို ဆက်လက်၍ ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

လက်ဆောင်ပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်တို့သည် မျိုးစေ့ထုတ်စိုက်ကွင်းများကို တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် ဒေသခံ တောင်သူများနှင့် ဌာနဆိုင်ရာများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် အထူးအထွက်တိုးဆင်းရွှေလီစပါး မျိုးစေ့ထုတ် ၁၀ဧက စိုက်ကွင်းအတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဌာနဆိုင်ရာများနှင့် တောင်သူများက လက်တွေ့ ဝတ်မှုန်ကူးသရုပ်ပြသနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မူဆယ်-နမ့်ခမ်း ကားလမ်းတစ်လျှောက် လမ်းဘေးဝဲယာ တစ်ဆက်တစ်စပ်တည်း ဆင်းရွှေလီ အထွက်တိုးစပါးများ စိုက်ပျိုးထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် မူဆယ်မြို့နယ် နမ့်လောင်းကျေးရွာ အထူးအထွက်တိုး ဆင်းရွှေလီ မိုးစပါးတစ်ဧကတင်း ၂၅၀ စံပြကွက် ရွက်ဖျန်းမြေဩဇာ ဆေးဖျန်းပွဲသို့ တက်ရောက်အားပေး၍ ဒေသခံ တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ၂၀၀၅-၂၀၀၆ခုနှစ် မူဆယ်မြို့နယ်၏ မိုးစပါးစိုက်ပျိုးရာသီတွင် တစ်ဧကတင်း ၂၅၀ စံပြကွင်း၌ တစ်ဧကကောက်ကွက် တစ်သိန်းခုနစ်သောင်း ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့သည့် အကောင်းဆုံး ကောက်ကွက်ဆုရ မူဆယ်မြို့နယ် နမ့်လောင်းကျေးရွာမှ တောင်သူဦးအိုက်ထွန်းအား လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က တစ်ဧကရှိရမည့် ကောက်ကွက်များကို ပြည့်မီစေရန် ကြိုးကြပ်ဆောင်ရွက်ပေးခဲ့သည့် မူဆယ်မြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လက်ထောက်အင်ဂျင်နီယာ ဦးမြတ်ဇင်အားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

မူဆယ်ခရိုင်အတွင်း ၂၀၀၅-၂၀၀၆ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၇၂၈၆၇ဧက၊ လယ်စပါး ၄၂၈၂၅ဧက၊ ယာစပါး ၁၉၁၆၂ဧက၊ တောင်ယာစပါးဧက ၁၀၈၈၀ စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

တက်ရောက်အားပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မူဆယ်၊ နမ့်ခမ်းမြို့နယ်တို့မှ တောင်သူများ၏ မိုးစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ၂၀၀၅-၂၀၀၆ ခုနှစ် အထူးအထွက်တိုး ဆင်းရွှေလီ မိုးစပါးတစ်ဧကတင်း ၂၀၀ စံပြကွက်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻

ဗြိတိန်နှင့်ကနေဒါတို့က တိုင်းရင်းဆေးများနှင့်ပတ်သက်၍ သတိပေး အိန္ဒိယတိုင်းရင်းဆေးပို့ကုန်များ ထိခိုက်နိုင်ဟုဆို

နယူးဒေလီ ဩဂုတ် ၂၆

ကမ္ဘာ့ဈေးကွက်၌ ရောင်းချနေသော တိုင်းရင်းဆေးများတွင် အလေးစားသတ္တုများ ပါဝင်နေသဖြင့် စားသုံးရန် မသင့်တော်ကြောင်း ဗြိတိန်နှင့်ကနေဒါနိုင်ငံတို့က သတိပေးချက်များ ထုတ်ပြန်ခဲ့ကြသည့် အကျိုးဆက်ကြောင့် အိန္ဒိယ တိုင်းရင်းဆေးပို့ကုန်များ ထိခိုက်လာစရာရှိကြောင်း သတင်းများထွက်ပေါ်လာသည်။

တိုင်းရင်းဆေးဝါး ထုတ်လုပ်သော အိန္ဒိယကုမ္ပဏီအတော်များများသည် ဆေးဝါးထုတ်လုပ်ရာ၌ လိုက်နာရမည့် စံချိန်စံညွှန်းများအတိုင်း ကျင့်သုံးရန် ပျက်ကွက်ခဲ့ကြသည်။ ထိုပျက်ကွက်ခဲ့မှုကြောင့် ဗြိတိန်နှင့် ကနေဒါတို့က ယခုကဲ့သို့သော သတိပေးချက်များ ထွက်ပေါ်လာခြင်းဖြစ်ပြီး အိန္ဒိယ တိုင်းရင်းဆေးဝါး ပို့ကုန်များအပေါ် ထိခိုက်စရာအခြေအနေများ ပေါ်ပေါက်လာရခြင်းဖြစ်သည်ဟု ဒေါက်တာဂျီလီဂါဂ်က ပြောကြားသည်။ ၎င်းသည် အိန္ဒိယနိုင်ငံ တိုင်းရင်းဆေးဘုတ်အဖွဲ့မှ ဓာတုဗေဒဌာနအကြီးအကဲဖြစ်သည်။

ထိုးဖောက်

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့တိုင်းရင်းဆေးဈေးကွက်တွင် တရုတ်နိုင်ငံပြီးလျှင် ဒုတိယလိုက်နေသော နိုင်ငံဖြစ်သည်။ သစ်ဥသစ်ဖုအသီးအရွက်များမှ ထုတ်လုပ်သော တိုင်းရင်းဆေးများသည် အမေရိကန်၊ ဂျပန်၊ ပြင်သစ်၊ ဗြိတိန်၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ စပိန်၊ ဂျာမနီနှင့် ဩစတြေးလျကဲ့သို့သော နိုင်ငံကြီးများ၌ပင် ဈေးကွက်ထိုးဖောက်ကာ တွင်ကျယ်လျက်ရှိသည်။ အိန္ဒိယတိုင်းရင်းဆေးများသည် ထိုဈေးကွက်များ အားလုံးတွင် ရောင်းချလျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လေ့လာချက်အရ ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းသည် အခြေခံကျန်းမာရေးကိစ္စများအတွက် တိုင်းရင်းဆေးဝါးများအပေါ်၌သာ အားထားနေရကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံ၏ တိုင်းရင်းဆေးတင်ပို့မှုသည် ၁၉၉၉ မှ ၂၀၀၂ ခုနှစ်များအတွင်း အတက်အကျများ ရှိခဲ့သည်မှန်သော်လည်း ပျမ်းမျှအားဖြင့်ဆိုပါက နှစ်စဉ် ၂၀ ရာခိုင်နှုန်း မှန်မှန်တိုးတက်တင်ပို့နေရသည်ဟု ဆိုသည်။ ၂၀၀၁-၂၀၀၂ ခုနှစ်တွင် တင်ပို့ရသော တိုင်းရင်းဆေးဝါးများ၏ တန်ဖိုးမှာ ရူပီး ၈ ဒသမ ၇၄ ဘီလီယံဖိုးရှိပြီး ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ၁၇ ဒသမ၅၈ ဘီလီယံအထိ တိုးတက်တင်ပို့နိုင်စရာ အလားအလာ များရှိနေသည်။

လူကြိုက်များ

ခေတ်မီအနောက်တိုင်းဆေးဝါးများနှင့်နှိုင်းစာလျှင် တိုင်းရင်းဆေးဝါးများသည် အန္တရာယ်ကင်းသည်။ ဘေးထွက်ဆိုးကျိုးနည်းသည်။ ဆေးအတွက် လေးစရာအကြောင်း နည်းပါးသည်ဆိုသော အချက်များကြောင့် အိန္ဒိယတိုင်းရင်းဆေးများသည် လွန်ခဲ့သော နှစ် ၂၀ မှစ၍ ကမ္ဘာ့ဈေးကွက်တွင် နေရာရလူကြိုက်များလာခြင်းဖြစ်ကြောင်း အိန္ဒိယအမျိုးသားဆေးဝါးသုတေသနဌာနမှ ညွှန်ကြားရေးမှူး ဆတ္တရာဘရာတာမေတ္တာက ပြောကြားသည်။

ကမ္ဘာ့တိုင်းရင်းဆေးဈေးကွက်တွင် အသုံးများသော တိုင်းရင်းဆေးဝါးပင်အမျိုး ၁၀၀ ခန့်တို့မှာ အများအပြားစိုက်ပျိုးထုတ်လုပ်ကာ တင်ပို့ရောင်းချနေရကြောင်း သိရသည်။

အမ်အင်အေ၊ ပီတီအိုင်။



အီရတ်နိုင်ငံအနောက်ပိုင်း ဟိတ်သ်မြို့ရှိ အိမ်များကို အမေရိကန်တပ်ဖွဲ့များ ဩဂုတ် ၂၅ ရက်တွင် ဝင်ရောက်ရှာဖွေနေချိန်တွင် ကြောက်ရွံ့နေသည့် အီရတ်ကလေးငယ်တစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကက်ထရီနာ ဟာရီကိန်း ကျရောက် ဖလော်ရီဒါပြည်နယ်တွင် ရေလွှမ်းမိုး

မီယာမီ ဩဂုတ် ၂၆

အပူပိုင်းမုန်တိုင်း တစ်ခုအဖြစ်မှ ကက်ထရီနာ ဟာရီကိန်းမုန်တိုင်း အဆင့်သို့ကြာသပတေးနေ့တွင် ပြောင်းလဲသွားပြီး အဆိုပါ မုန်တိုင်းသည် ဖလော်ရီဒါပြည်နယ်၏ လူနေသိပ်သည်းသော အရှေ့တောင်ဘက်ကမ်းခြေဒေသတွင် မွှေ့သွားသဖြင့် မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးမည့် အခြေအနေရှိကြောင်း သိရသည်။

အဆိုပါမုန်တိုင်းသည် ဖို့ဒ်လောဒါဒေးလ်ဒေသသို့ ကြာသပတေးနေ့ နှောင်းပိုင်း သို့မဟုတ် သောကြာနေ့ အစောပိုင်းတွင် ဝင်ရောက်လာနိုင်သည်ဟု မျှော်မှန်းထားသည်။ ဖလော်ရီဒါပြည်နယ်တွင် ထိုမုန်တိုင်းအရှိန်ကြောင့် မိုးရေချိန် ၁၀ လက်မအထိ ရွာသွန်းခဲ့ပြီး မုန်တိုင်းသည် အဆိုပါ ပြည်နယ်မှ မက္ကဆီကို ပင်လယ်ကွေ့ဆီသို့ ဖြည်းညင်းစွာ ရွေ့လျားသွားခဲ့သည်ဟု အမေရိကန်အမျိုးသား ဟာရီကိန်းဌာနက ပြောကြားခဲ့သည်။

ကျွန်းဆွယ်၏ တောင်ဘက်ပိုင်းတွင် ရေကြီးမည့်အန္တရာယ်ကျရောက်နိုင်သည်ဟု အဆိုပါဌာနမှ ဒုတိယညွှန်ကြားရေးမှူး အက်ဒ်ရာပါ့ပေါ့တ်က ပြောကြားခဲ့သည်။

အချို့ဒေသများတွင် မိုးရေချိန်သည် ၁၅ လက်မအထိများပြားစွာ ရွာသွန်းခဲ့ကြောင်း ဟာရီကိန်း စောင့်ကြည့်ရေးဌာနက ပြောကြားသည်။ မုန်တိုင်း၏ အဖျားပိုင်းသည် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့ချိန်တွင် ကောင်းကင်သည် မဲမှောင်နေပြီး မိုးများသည်းထန်စွာ ရွာသွန်းခဲ့သည်။ အချို့လမ်းများတွင် ရေကြီးမှုဖြစ်ပေါ်နေပြီးလူများကို နေအိမ်အတွင်း၌ပင် နေထိုင်ရန် အရေးပေါ်ကယ်ဆယ်ရေးဌာနက လိုက်လံနှိုးဆော်ခဲ့သည်။

ကက်ထရီနာမုန်တိုင်းသည် ဖို့ဒ်လောဒါဒေးလ်ဒေသ အရှေ့မြောက်ဘက် ၂၅ မိုင်အကွာကိုဗဟိုပြု၍ ညနေ ၄ နာရီအချိန်တွင် တိုက်ခတ်လျက်ရှိသည်။

ကက်ထရီနာမုန်တိုင်း၏ လေတိုက်နှုန်းသည် တစ်နာရီလျှင် မိုင် ၄၀ နှုန်းဖြင့် တိုက်ခတ်နေရာမှ ပင်လယ်ရေနွေးစီးကြောင်းကြောင့် တစ်နာရီလျှင် ၇၅မိုင်နှုန်းထိ အင်အားပိုကောင်းလာခဲ့သည်။ အဆိုပါမုန်တိုင်း၏ တိုက်ခတ်နှုန်းသည် ဟာရီကိန်းမုန်တိုင်းအတွက် သတ်မှတ်နှုန်းဖြစ်သော တစ်နာရီလျှင် ၇၄ မိုင်နှုန်းထက် ကျော်လွန်သွားသည့်အတွက် ဟာရီကိန်းမုန်တိုင်း ဖြစ်လာသည်ဟု ဟာရီကိန်းဌာနမှ ညွှန်ကြားရေးမှူး မက်စ် မေဖီးလ်ဒ်က ပြောကြားသည်။

ဟာရီကိန်းမုန်တိုင်းကြောင့် အပေါ့စားယာဉ်နောက်တွဲအိမ်များနှင့် သစ်ပင်များပြိုလဲသွားနိုင်သည့် အခြေအနေရှိသည်။ သို့သော် ထိုအင်အားသည် ခိုင်ခံ့သော အဆောက်အအုံများကို ကြီးမားစွာ ပျက်စီးမှုများ မဖြစ်စေနိုင်ကြောင်း သိရှိရသည်။ အပေါ့စားယာဉ်နောက်တွဲ အိမ်များရှိသောနေရာများနှင့် အန္တရာယ်ကျရောက်နိုင်သောကျွန်းများတွင် နေထိုင်သူများကို ရွှေ့ပြောင်းရန် လှုံ့ဆော်ထားသော်လည်း အတင်းအကျပ် ရွှေ့ပြောင်းခိုင်းခြင်းမရှိကြောင်း သိရသည်။

ဖလော်ရီဒါပြည်နယ်တွင် ပြီးခဲ့သော ဟာရီကိန်းရာသီချိန်တွင် ခြောက်ပတ်အတွင်း၌ အင်အားပြင်း ဟာရီကိန်းလေးကြိမ် ကျရောက်ခဲ့ခြင်းကြောင့် ထိုဒေသ၌ နေထိုင်သူများသည် သောက်သုံးရေများနှင့် ဘက်ထရီများကို အရေးပေါ်သုံးစွဲနိုင်ရန် စုဆောင်းထားခဲ့ကြသည်။ ထို့အပြင် ရေကြီးခြင်းမှ ကာကွယ်နိုင်ရန်အတွက် အချို့လူများသည် ၎င်းတို့၏ အိမ်များကို သဲအိတ်များဖြင့် ကာကွယ်ထားကြသည်။

အမ်အင်အေ၊ ရိုက်တာ။

တူရကီကမ်းလွန်ပင်လယ်ပြင်တွင် ကုန်သင်္ဘောမီးလောင်

အစ္စတန်ဘူလ် ဩဂုတ် ၂၆

တူရကီကမ်းခြေအလွန် ပင်လယ်နက်အတွင်း၌ ခရီးသည် ၅၀လိုက်ပါလာသော ကုန်သင်္ဘောတစ်စီးသည် ဩဂုတ်၂၅ရက်က မီးစွဲလောင်ခဲ့ကြောင်း အနာတိုလီယာသတင်းစာကဖော်ပြသည်။

မီးလောင်မှုဖြစ်ပွားသောတူရကီသင်္ဘော အူဖောက်သည် မီးလောင်ချိန်တွင် တူရကီကမ်းခြေမှ မိုင်၆၀အကွာတွင် ရှိနေပြီး တူရကီထရပ်ဇုန်အရပ်မှ ရုရှားနိုင်ငံ ဆိုချီဆိပ်ကမ်းဆီသို့ ဦးတည်ခုတ်မောင်းနေစဉ် အဖြစ်ဆိုးနှင့်ကြုံရခြင်းဖြစ်သည်ဟု တူရကီနိုင်ငံ ထရပ်ဇုန်ပြည်နယ်အုပ်ချုပ်ရေးမှူးကပြောကြားသည်။ မီးမှာအဘယ်ကြောင့် စတင်လောင်ကျွမ်းသည်ကို လည်းကောင်း၊ မည်မျှအပျက်အစီးရှိသည်ကို လည်းကောင်း ရှင်းရှင်းလင်းလင်း မသိရဟု ဆိုသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဩစတြီးယားတွင် ရေလွှမ်းမိုး နှစ်ဦးသေဆုံး၊ ပစ္စည်းများဆုံးရှုံး

ဗီယင်နာ ဩဂုတ် ၂၆

ဩစတြီးယားနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ပွားရာ လူနှစ်ဦးသေဆုံးပြီး ပစ္စည်းများ ဆုံးရှုံးခဲ့ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ကာကွယ်တားဆီး

ဩစတြီးယားနိုင်ငံ၏ တောင်ထူထပ်သော အနောက်ပိုင်းနှင့် တောင်ပိုင်းဒေသတို့တွင် ရေလွှမ်းမှုဒဏ်ကို အဆိုးရွားဆုံး ခံစားရပြီး လမ်းများနှင့် အိမ်များ အများအပြား ပျက်စီးသွားသည်။ ရေလွှမ်းမိုးမှုကို ကာကွယ် တားဆီးရန် စေတနာ့ဝန်ထမ်းနှင့် ကျွမ်းကျင်သူ စုစုပေါင်း ၄၀၀၀၀ နီးပါးကို အရေးပေါ်စုဆောင်းထားသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဩစတြီးယား ဝန်ကြီးချုပ် ဝုဖ်ဂန်စကူဇယ်က ဝန်ကြီးအဖွဲ့ အရေးပေါ် အစည်းအဝေးကို ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းတွင် ခေါ်ယူခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဩစတြီးယားနိုင်ငံ တောင်ပေါ်ဒေသတွင်မိုးသည်းထန်ပြီး ရေလွှမ်းမိုးမှုများဖြစ်ပေါ်နေသည်ကို ဩဂုတ် ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရိုမေးနီးယားတပ်ဖွဲ့ အီရတ်မှ ၂၀၀၆ခုနှစ်တွင် ရုပ်သိမ်းမည်

ဘူခါရက် ဩဂုတ် ၂၆

ရိုမေးနီးယားတပ်ဖွဲ့များကို ၂၀၀၆ခုနှစ်တွင် အီရတ်နိုင်ငံမှ ရုပ်သိမ်းမည်ဖြစ်ကြောင်း ရိုမေးနီးယားကာကွယ်ရေးဝန်ကြီး တီအိုဒိုအတ်တာနာဆူးက ဗုဒ္ဓဟူးနေ့တွင်ထုတ်ဖော်ပြောကြားခဲ့သည်။ယခုနှစ်ကုန်အထိ ရိုမေးနီးယားတပ်ဖွဲ့များသည် အီရတ်နိုင်ငံတွင် ဆက်လက်ရှိမည်ဖြစ်သော်လည်း ၂၀၀၆ ခုနှစ်မှစ၍ မုန်မှန်ရုပ်သိမ်းသွားမည်ဆိုသော သတင်းကို ကာကွယ်ရေးဝန်ကြီးကို ကိုးကား၍ ဒေသတွင်းသတင်းစာ အာဒီဗာရူအီက ရေးသားခဲ့သည်။

မိမိတို့အနေဖြင့် ယခုတာဝန်ယူထားသော ကိစ္စများကို အီရတ်များလက်သို့ ရှေ့နှစ်တွင် ပြန်လည်လွှဲပြောင်းပေးမည်ဖြစ်သည်ဟု ပြောကြားသော်လည်း နေ့ရက်အတိအကျကိုမူ ဝန်ကြီးကထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိဟုဆိုသည်။

ကာကွယ်ရေးဝန်ကြီး၏ ပြောကြားချက်သည် မကြာသေးမီအချိန်က ရိုမေးနီးယားသမ္မတ တရာအင်ဘာစစ်စကျူပြောကြားခဲ့သော စကားများနှင့် ကွဲလွဲလျက်ရှိသည်။ သမ္မတကရိုမေးနီးယားမှ အပေါင်းပါတပ်ဖွဲ့များ ထွက်ခွာရေးကိစ္စမှာ ၂၀၀၆ခုနှစ်အကုန်အထိ လုပ်ဆောင်နိုင်စရာ မရှိဟုပြောကြားခဲ့ကြောင်းသိရသည်။လတ်တလောအချိန်တွင် အီရတ်နိုင်ငံအတွင်း၌ ရိုမေးနီးယားတပ်ဖွဲ့ဝင်ပေါင်း ၈၆၀ စခန်းချထားလျက်ရှိသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ခုခံရေးသမားများက ဘဂ္ဂဒက်အနောက်ပိုင်းတွင် လူလေးဦးအား ပစ်သတ်

ဘဂ္ဂဒက် ဩဂုတ် ၂၆

အီရတ်တရားရေးဝန်ကြီးဌာနမှ အထက်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးစီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တန်းမှာ ဘဂ္ဂဒက်မြို့တော်အနောက်ပိုင်းတွင် လက်နက်ကိုင်များ၏ပစ်ခတ်မှုကို ဗုဒ္ဓဟူးနေ့ကခံခဲ့ရာ ၎င်းအရာရှိ၏ သက်တော်စောင့် လေးဦးသေဆုံးပြီး ငါးဦးထိခိုက်ဒဏ်ရာ ရရှိခဲ့သော်လည်း အရာရှိသည် ဒုတိယအကြိမ်အဖြစ် အသက်ဘေးမှ လွတ်မြောက်ခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ၎င်းအရာရှိသည် တရားရေးဌာနမှ လက်ထောက်ဝန်ကြီး ဘူရှီအီဘရာဟင်ဖြစ်ပြီး အလုပ်ဆင်းရန် မော်တော်ယာဉ်တန်းဖြင့်လာရာ အဒီးခရိုင် အဝေးပြေးလမ်းမကြီးတွင် မည်သူမည်ဝါမှန်းမသိရသော လက်နက်ကိုင်များက တိုက်ခိုက်သဖြင့် သက်တော်စောင့်လေးဦးသေဆုံးပြီး အခြားငါးဦး ဒဏ်ရာရရှိခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

ဖော်ပြပါ အထက်တန်းအရာရှိသည် ဘေးမသီရန်မခလွတ်မြောက်ခဲ့ကြောင်း၊ ယာဉ်တန်းအတွင်း ယာဉ်နှစ်စီးမီးလောင်ပျက်စီးခဲ့ကြောင်း အဆိုပါ သတင်းရပ်ကွက်က ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

လျှပ်နှင့် ဆူနာမီဆိုင်ရာ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး သီရိလင်္ကာက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

ကိုလံဘို ဩဂုတ် ၂၆

အရှေ့တောင်အာရှနိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို သီရိလင်္ကာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း၊ အဆိုပါအစည်းအဝေးကို မြို့တော်ကိုလံဘိုတွင် စက်တင်ဘာ ၄ ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း ဒေးလီးနယူးစ်သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြသည်။

အရှေ့တောင်အာရှ ကျန်းမာရေးဝန်ကြီးများ၏ အစည်းအဝေးတွင် ဒေသဆိုင်ရာ ကျန်းမာရေးပြဿနာများကို လည်းကောင်း၊ ကျန်းမာရေးဆိုင်ရာ အစီအစဉ်များကို နှစ်နိုင်ငံချင်းအလိုက် ရေးဆွဲချမှတ်နိုင်စေရန်လည်းကောင်း ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း သီရိလင်္ကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဝန်ကြီး နီမယ်လ်ဆီရီပါလာဒါဆေးလ်ဗား က ပြောကြားသည်။

အရှေ့တောင်အာရှ ကျန်းမာရေးဝန်ကြီးများ၏အစည်းအဝေးတွင် မြေငလျင်များနှင့် ဆူနာမီလှိုင်းဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ်များအပါအဝင် အရေးပေါ်အခြေအနေများနှင့် ပတ်သက်နေသော ကျန်းမာရေးပြဿနာများကိုလည်း ဆွေးနွေးကြမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် ပြည်သူ့ကျန်းမာရေး အခြေခံအဆောက်အအုံများ ခိုင်မာတိုးတက်စေရေးအကြောင်းရပ်ကိုလည်း အလေးအနက် ဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယရိုးရာ လှေတော်ပွဲသဘင်ဖွင့်ပွဲတွင် ရိုးရာဝတ်စုံများ ဝတ်ဆင်ကာပါဝင်ဆင်နွှဲနေကြသော အိန္ဒိယ ပျိုဖြူများကို ဩဂုတ် ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းများ

ဖိလစ်ပိုင်တွင် စက်သုံးဆီချွေတာရေးဆောင်ရွက် ဆီစားများသောကားများ လေလံပစ်ရန်ညွှန်ကြား

မနီလာ ဩဂုတ် ၂၆

ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမာကာပါဂဲ အာရိုယိုသည် အစိုးရပိုင် မော်တော်ယာဉ်အဟောင်းနှင့် ဆီစားများသော ကားများကို လေလံတင်ရောင်းချရန် ကြာသပတေးနေ့တွင် အမိန့်ထုတ်ပြန်ခဲ့သည်။ အစိုးရရန်ပုံငွေ မြှင့်တင်နိုင်ရန်နှင့် လောင်စာဆီ ချွေတာရေး နည်းလမ်းတစ်ရပ်အနေဖြင့် ထိုသို့ဆောင်ရွက်ခြင်းဖြစ်သည်ဟု သတင်းတွင် ရေးသားဖော်ပြထားသည်။

ဆီစားများသော ကားများရောင်းချခြင်းမှရသော ရန်ပုံငွေကိုသုံးစွဲ၍ ဆီစားနည်းသော ကားသစ်များကို အစိုးရဌာနများအတွက် ဝယ်ယူမည်ဖြစ်ကြောင်း သမ္မတ၏ စွမ်းအင်ချွေတာရေး အစီအစဉ်နှင့်ပတ်သက်၍ သမ္မတ၏ စီးပွားရေးဆိုင်ရာ ဝန်ကြီးအဖွဲ့များနှင့် ရုပ်သံမှ တစ်ဆင့် တွေ့ဆုံမှုများ ပြုလုပ်ရာ၌ ထည့်သွင်းပြောကြားသွားခြင်း ဖြစ်သည်။

လောင်စာဆီ ထိန်းသိမ်းရာတွင် အစိုးရက အဆိုပါဆီစားများသောကားများကို ရောင်းချခြင်းသည် လောင်စာချွေတာရေးကိစ္စကို အစိုးရအနေဖြင့် အရေးတကြီး အလေးထားကြောင်းကို ပြသလိုက်ခြင်းပင်ဖြစ်သည်ဟုဆိုသည်။

ဖိမ်ခံကားများကို ရောင်းချရန်ကိစ္စမှာ အရေးကြီးသောကဏ္ဍမှ ပါဝင်ကြောင်း အုပ်ချုပ်ရေးဆိုင်ရာ အမိန့်အမှတ် ၁၂၁ ထုတ်ပြန်ကာ သတိပေးထားခြင်းဖြစ်သည်။ အဆိုပါအမိန့်ကို ဇွန် ၃၀ ရက်က ထုတ်ပြန်ခဲ့ပြီး အမိန့်စာပါ နောက်ဆုံးသတ်မှတ်ရက်သည် ဩဂုတ် ၃၀ရက် ဖြစ်ကြောင်း သမ္မတက ပြောကြားခဲ့သည်။

အဆိုပါအမိန့်တွင် စီးပွားရေးတက္ကသိုလ်များ၊ ပြည်နယ်တက္ကသိုလ်များနှင့် ကောလိပ်များ၊ အစိုးရပိုင်သို့မဟုတ် အစိုးရက ထိန်းချုပ်ထားသော ကော်ပိုရေးရှင်းအဖွဲ့များလည်း အကျုံးဝင်ကြောင်း၊ အမိန့်စာကို လိုက်နာရမည်ဖြစ်ကြောင်း အစိုးရ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကင်ညာနိုင်ငံ ရှင်ဘာတောင် အမျိုးသားဘေးမဲ့တောမှ ဆင်ကြီးတစ်ကောင်ကို တဆာဗို အမျိုးသား ဘေးမဲ့ဥယျာဉ်သို့ ရွှေ့ပြောင်းရန် ပြင်ဆင်နေသည်ကို ဩဂုတ် ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လယ်ယာ၊ သားငါး၊ သစ်တောထွက်ပစ္စည်း တင်ပို့ရေး ဗီယက်နမ်နိုင်ငံ မြှင့်တင်မည်

ဟနွိုင်း ဩဂုတ် ၂၆

ဗီယက်နမ်နိုင်ငံက စိုက်ပျိုးရေး၊ သစ်တောနှင့် သားငါးထုတ်လုပ်တင်ပို့ရာတွင် ယခုနှစ်၌ အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံနီးပါးရရှိရန် မျှော်မှန်းထားပြီး ယခင်နှစ်ကထက် ၉ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်လာစေရန် ရည်မှန်းလုပ်ဆောင်လျက်ရှိသည်။

ဗီယက်နမ်၏ပို့ကုန်များကို လူသိအောင် ဆောင်ရွက်ခြင်း၊ ကုန်အမှတ်တံဆိပ်များ သတ်မှတ် မှတ်ပုံတင်ခြင်း၊ ကုန်အရည်အသွေး တိုးမြှင့်ခြင်း စသည်တို့ကို လုပ်ဆောင်ခြင်းဖြင့် ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်ပစ္စည်းတင်ပို့မှု တိုးတက်စေရန် ကြိုးပမ်းလျက်ရှိသည်။ ထပ်မံ၍လည်း ကုန်သွယ်ရေးဈေးကွက်များ တိုးချဲ့မည်ဖြစ်ပြီး တရုတ်၊ အမေရိကန်၊ ဂျပန်နှင့် ဥရောပသမဂ္ဂ အဖွဲ့များကဲ့သို့သော ဈေးကွက်ဟောင်းများ၌လည်း အရောင်းမြှင့်တင်သွားမည်ဖြစ်ကြောင်း ဗီယက်နမ် ကုန်သွယ်ရေးဝန်ကြီးဌာန၏ ဗုဒ္ဓဟူးနေ့ ထုတ်ပြန်ချက်များအရ သိရသည်။

ယခုနှစ် ပထမခုနစ်လတွင် ဗီယက်နမ်နိုင်ငံက တင်ပို့သော ပို့ကုန်ပစ္စည်းများ၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံရှိသည်။ တင်ပို့သောကုန်များတွင် သစ်သီးနှင့်ဟင်းသီးဟင်းရွက်တင်ပို့မှုသည် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၃၈ သန်း၊ ဆန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၈၆၉ သန်း၊ သီဟိုဠ်သရက်စေ့သည် အမေရိကန်ဒေါ်လာ ၂၄၄ သန်းနှင့် ပင်လယ်ထွက်အစားအစာသည် အမေရိကန် ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံဖိုးတင်ပို့ခဲ့ရသည်။ ထိုပစ္စည်းများ တိုးတက်တင်ပို့နိုင်သည့် ရာခိုင်နှုန်းမှာ ဟင်းသီးဟင်းရွက်တွင် ၄၀ ဒသမ ၆ ရာခိုင်နှုန်း၊ ဆန်စပါးတွင် ၃၅ ဒသမ ၉ ရာခိုင်နှုန်း၊ သီဟိုဠ်စေ့တွင် ၁၉ ဒသမ ၅ ရာခိုင်နှုန်းနှင့် ပင်လယ်ထွက် အစားအစာတွင် ၆ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးတိုးမြှင့်လာခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်တွင် လယ်ယာနှင့် သစ်တောလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံနှင့် ပင်လယ်ထွက် အစားအစာလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ လေးဘီလီယံ အပါအဝင် စိုက်ပျိုးရေး၊ သစ်တောနှင့် သားငါးထုတ်လုပ်ခြင်းတို့ဖြင့် ပို့ကုန်လုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံ ဝင်ငွေရရှိရန် မျှော်မှန်းသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရေလုံလောက်စွာရရှိရေး ဂရုပြုဆောင်ရွက် စင်ကာပူနိုင်ငံသားများအား အစိုးရ တိုက်တွန်း

စင်ကာပူ ဩဂုတ် ၂၆

စင်ကာပူတွင်နိုင်ငံ၏ရေကြောင်း၊ ရေလှောင်ကန်နှင့် ရေကန်ဥယျာဉ်များကို စင်ကာပူနိုင်ငံသားများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သည့် အလေ့လက်ခံလာစေရန် ကျင့်သုံးမည့် အစီအစဉ်သစ်တစ်ခုကို ဗုဒ္ဓဟူးနေ့တွင် စင်ကာပူ ပြည်သူ့ဝန်ဆောင်မှု ဘုတ်အဖွဲ့ (ပီယူဘီ)က စတင်ကြောင်း လှမ့်ဆော်ကြေညာလိုက်သည်။ အဆိုပါ အစီအစဉ်သစ်ဆောင်ပုဒ်မှာ ကျွန်ုပ်တို့ရေလှောထိန်းသိမ်းပါဟု သတ်မှတ်ထားပြီး ရေအပြည့်အဝရရှိရေးအတွက် အပိုင်းလိုက်၊ ကဏ္ဍများအလိုက် ဆောင်ရွက်ရန်၊ အဖွဲ့အစည်းများနှင့် အုပ်စုလိုက် ပါဝင်ကြရန် ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကင်ညာနိုင်ငံ၏ လက်ဖက်ခြောက်တင်ပို့မှု ဇူလိုင်လတွင်မြင့်တက်

နိုင်ရိုဘီ ဩဂုတ် ၂၆

ကင်ညာနိုင်ငံသည် ယခုနှစ်ဇူလိုင်လတွင် လက်ဖက်ခြောက် ကီလို၃၅ဒသမ ၃ သန်းကို ပြည်ပသို့ တင်ပို့ခဲ့ကြောင်း ယမန်နှစ် ဇူလိုင်လထက် ၃၀ ရာခိုင်နှုန်း မြင့်တက်လာကြောင်း လက်ဖက်ခြောက်ကုန်သည်များက အင်္ဂါနေ့တွင် ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ကင်ညာနိုင်ငံ၏ လက်ဖက်ခြောက် တင်ပို့မှုပမာဏမှာ ကီလို ၂၀၇ ဒသမ ၃ သန်းရှိပြီး ယမန်နှစ် အလားတူကာလတွင် ကီလို၁၉၉ ဒသမ ၇ သန်းကိုသာ တင်ပို့နိုင်ခဲ့ကြောင်း ကင်ညာနိုင်ငံ လက်ဖက်ခြောက် ရောင်းဝယ်ရေးအဖွဲ့က ပြောကြားသည်။

လက်ဖက်ခြောက် တင်ပို့မှုပမာဏ မြင့်တက်လာသော်လည်း ခုနစ်လတာကာလအတွင်း လက်ဖက်ခြောက် တင်ပို့မှုမှရရှိသော ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၃၄၂ သန်းမှ ၃၃၃ သန်းသို့ ကျဆင်းသွားကြောင်း လက်ဖက်ခြောက် ရောင်းဝယ်ရေးအဖွဲ့က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပြိုကျသွားသော အဆောက်အအုံပျက်အတွင်း ပိတ်မိနေသူ ၂၀ ကို ကယ်တင်ပေးနိုင်ခဲ့

မွမ်ဘိုင်း ဩဂုတ် ၂၆

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ ပြိုကျသွားသော အဆောက်အအုံတစ်လုံး၏ အပျက်အစီးအပိုင်းအစများအတွင်း ရောက်ရှိနေသူ ၂၀ ကို ကယ်ဆယ်ရေးအဖွဲ့များက ကယ်တင်ပေးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

မွမ်ဘိုင်းမြို့ရှိ အိုဟောင်းနေသော အဆောက်အအုံတစ်လုံးပြိုကျသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် တစ်ရက်အကြာတွင် အဆောက်အအုံပျက်၏ အပျက်အစီး အပိုင်းအစများအတွင်းမှ လူ ၂၀ ကို ကယ်တင်နိုင်ပေးခဲ့ခြင်းဖြစ်သည်။ အင်္ဂါနေ့အစောပိုင်းက ပြိုကျခဲ့သည့် ယင်းအဆောက်အအုံ၏ သက်တမ်းမှာ ရာစုနှစ်တစ်ခုကျော်မျှရှိခဲ့ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ယခင်ဘုံဘေဟုခေါ်တွင်သော မွမ်ဘိုင်းမြို့၏ မြို့လယ်တွင် တည်ရှိသည့် အဆိုပါအဆောက်အအုံပြိုကျမှုကြောင့် ၁၁ ဦး သေဆုံးခဲ့ရသည်။ အဆောက်အအုံ၏ အပျက်အစီး အပိုင်းအစများအတွင်း ပိတ်မိနေသူများအားလုံးကို ကယ်တင်ပေးနိုင်ခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ အားလုံးပြီးစီးပြီဖြစ်ကြောင်း၊ ယင်းအပျက်အစီးများအားလုံးနီးပါးကိုလည်း ရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ကယ်ဆယ်ရေးအဖွဲ့များသည် အစောပိုင်းတွင် လူပေါင်း ၄၇ ဦးကို ကယ်တင်ပေးနိုင်ခဲ့သေးသည်။

မွမ်ဘိုင်းမြို့တွင် အိုမင်းဟောင်းနွမ်းနေမှုကြောင့် လူနေထိုင်ရန် မသင့်တော့သည့် အဆောက်အအုံ ရာပေါင်းများစွာရှိပြီး မုတ်သုံမိုး ပြင်းထန်စွာရွာသွန်းသည့် ရာသီအတွင်း အဆောက်အအုံအချို့ ပြိုကျသည့်ဖြစ်ရပ်များ ပေါ်ပေါက်လေ့ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ခြောက်ပါးရသာ မျှစားပါ

တင်ထွဋ်မှု(အစိုးရတိုင်းရင်းဆေး)

"ဘကြီးထွေးနဲ့ညီလေး၊ စားလို့မြိန်ကြရဲ့လား၊ ထည့်စားကြနော်၊ ရင်းနှီးပြီးသား လူတွေဖြစ်လို့ ကျွန်တော်ထည့်မပေးတော့ဘူး"

"မြိန်တာပေါ့ဆရာရယ်၊ ပဲနောက်ဟင်းချိုကလည်း သောက်လို့ကောင်းလိုက်တာ ခင်ဗျာ"

"အမယ် မောင်ရင်ကလည်း ခရမ်းချဉ်သီးသုတ်နဲ့ ကြက်သွန်ဖြူထောင်းကကော မကောင်းလို့လားကွဲ့"

"ကောင်းပါတယ် ဘကြီးထွေး၊ ဟင်းနုနယ်ရွက်ကြော်နဲ့ ပြောင်းဖူးကြော်ကလည်း ချိုပြီးဆိမ့်နေတာပဲ ခင်ဗျ"

"ဂေါ်ဖီထုပ်နဲ့ မုန်လာချဉ်ကို အတို့အမြှုပ်အနေနဲ့ စားရတော့ ပိုခံတွင်းတွေ့တာပေါ့၊ ကဲ မောင်ရင်၊ ဒီ ထမင်းဝိုင်းကို ကြည့်စမ်းပါဦး၊ ဆရာက တကယ့်ကို စနစ်တကျစီစဉ်ထားတာ၊ ညှော်ခံတဲ့ အစားအသောက်တွေက ဆရာပြောပြဖူးတဲ့ ခန္ဓာကိုယ်ထဲမှာ ပျက်စီးသွားတဲ့ဆဲလ်တွေ သင့်တင့်စွာ ပြန်လည်ကောင်းလာစေနိုင်တဲ့ ဆေးဖက်ဝင်ဓာတ်ပြုကာကွယ်ပစ္စည်း အင်တီအောက်ဆီဒန့် (Antioxidant) တွေချည်းပဲ မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ကြက်သွန်နီ၊ မုန်လာဥနီနဲ့ ကြက်သားကြော်ထားတာရယ်၊ ထမင်းစားပြီး စားဖို့ စီမံထားတဲ့ စပျစ်သီး၊ လိမ္မော်သီး၊ လက်ဖက်နဲ့ အကြော်စုံ၊ ရေနွေးကြမ်း စတာတွေကလည်း ဘကြီးထွေးပြောတဲ့ ဆေးဖက်ဝင် အင်တီအောက်ဆီဒန့်တွေနဲ့ ပြည့်စုံတဲ့ အာဟာရတွေပဲနော်"

"ဒီလောက်လည်း ချီးကျူးမနေကြပါနဲ့ဦး၊ ကျွန်တော်လည်း ဘကြီးထွေးနဲ့ညီလေးတို့ စားလို့မြိန်မယ်လို့ ထင်တာတွေကို စပ်ဟပ်စီမံလိုက်တာပါ"

"ဩော် . . . ဒါနဲ့ ထမင်းမစားခင်က စကားစထားတဲ့ အစားအစာတွေနဲ့ပတ်သက်ပြီး အာဟာရရှုထောင့်အနေနဲ့ ကျန်းမာရေးနဲ့ပြည့်စုံအောင် ဘယ်လို စားရမယ်ဆိုတာ အကျဉ်းချုံးပြောပြပါဦး"

"ပြောပြပါ့မယ်မောင်ရင်၊ ခန္ဓာကိုယ် အသက်ရှင်လှုပ်ရှားနေနိုင်တာ၊ တစ်နည်းပြောရရင် ရသာရည်အား၊ သွေးအား၊ အသားအား၊ အဆီအား၊ အရိုးအား၊ ရိုးတွင်းခြင်ဆီအား၊ အကြောအား၊ သုက်အားဆိုတဲ့ ဓာတ်ကြီးရှစ်ပါးတို့ ခန္ဓာကိုယ်မှာ အမာခံ ရပ်တည်နေနိုင်တာဟာလဲ အာဟာရကြောင့်ပဲဖြစ်တယ်၊ **အာဟာရကြောင့် ဖြစ်ပေါ်လာတဲ့ အဲဒီဓာတ်ကြီးရှစ်ပါး အပေါ်မှာ အသက်ရှင်နေရ၏။ အနာကင်းခြင်း၊ သုက်၊ သွေးများ ဖြစ်ပေါ်ရခြင်း၊ ရုပ်များကြည်လင်သန့်ရှင်းရခြင်းဖြစ်၏**လို့ ရှေးဆရာကြီးများက ဆိုခဲ့တာပေါ့၊ အာဟာရနဲ့ ပတ်သက်လို့ အစာလည်းဆေး၊ ဆေးလည်းအစာလို့ ဆိုရိုးစကားအတိုင်းပြောရရင် လူတွေနေ့စဉ် စားသောက်နေကြတဲ့ အရွက်၊ အသီး၊ အပွင့်၊ အမြစ်များထဲက ဟင်းရန်အဖြစ်နဲ့ ချက်ပြုတ်စားသောက်နိုင်တာကို ဓာတ်စာလို့ ခေါ်တယ်။ ဥပမာပြောရရင် ကြောင်လျှာရွက်၊ ကြောင်လျှာသီး၊ ခံတက်ရွက်စတာတွေကို ချက်ပြုတ်စားသောက်တယ်။ ကြောင်လျှာခေါက်၊ ခံတက်ခေါက်တွေကိုတော့ အမှုန့်ပြုပြီး ဆေးဝါးအဖြစ် ဖော်စပ်အသုံးပြုကြတယ်လေ။ လူတို့အစားအစာအဖြစ်ပဲစားစား၊ ဆေးဝါးအဖြစ်ပဲစားစား အရသာအားဖြင့် ခြောက်ပါးပဲရှိတယ်ကွဲ့"

"အဲဒီအရသာခြောက်ပါးနဲ့ ပတ်သက်ပြီး ရှင်းပြပါဦး ဘကြီးထွေး"

"နေ့စဉ်မပြတ်စားသုံးနေကြတဲ့ အစားအစာတွေရဲ့ အရသာအနေနဲ့ အချို၊ အချဉ်၊ အစပ်၊ အငန်၊ အဖန်၊ အခါးဆိုတဲ့ အရသာခြောက်ပါးရှိပြီး အဲဒီအရသာတွေကို စေ့စပ်သေချာလေ့လာမယ်ဆိုရင် အချိုရယ်၊ အချဉ်ရယ် တစ်ခုတည်းသက်သက် တည်နေတာကိုတွေ့ဖို့ ခဲယဉ်းလှပြီး ချိုချဉ်၊ ချိုဖန်စသဖြင့် တွဲဖက်နေတတ်တယ်ကွဲ့။ အများဆုံးပေါ်လွင်နေတဲ့ အရသာကိုသာ အဓိကထားမှတ်ယူလေ့လာဖို့ပဲကွဲ့"

"အချိုအရသာကို စပြီးရှင်းပေးပါနော်"

"အချိုအရသာရှိတဲ့ အစားအစာတချို့ကို လူသိများ ထင်ရှားတဲ့ အစာတွေအနေနဲ့ပြောရရင် သကြား၊ ကြံသကာ၊ ထန်းလျက်၊ ပျားရည်တွေ၊ ဟင်းသီးဟင်းရွက်တွေအနေနဲ့ ဘူး၊ ဖရဲ၊ ကျောက်ဖရုံ၊ ရွှေဖရုံ၊ ကန်စွန်းဥ၊ ပြောင်း၊ ပဲ၊ အသားအမျိုးမျိုး၊ ငါး၊ ပုစွန် အမျိုးမျိုးတွေ ပါဝင်တာပေါ့။

"အချိုအရသာနဲ့ပတ်သက်ပြီး ပြောရရင် ယောအတွင်းဝန် ဦးဘိုးလှိုင်ရေးသားခဲ့တဲ့ ဥတုဘောဇနသင်္ဂဟကျမ်းနဲ့ သိမ်ဖြူဆရာတော် ရေးသားခဲ့တဲ့ အခြေပြုဆေး အဘိဓာန်အပါအဝင် တိုင်းရင်းဆေးကျမ်းများမှာ ချိုဆိမ့်အရသာလို့တွဲပြီး ဖော်ပြထားတာတွေ့ရမယ်၊ အဆိမ့်ဆိုတဲ့ အရသာကတော့ အချို၊ အဖန်ဆိုတဲ့ အရသာတွေနဲ့ ဖြစ်ပေါ်လေ့ရှိတာများတယ်ကွဲ့"

"ဒါဆို အဆိမ့်အရသာဟာ အဓိကအားဖြင့် အရသာခြောက်ပါးထဲမှာ မပါဘူးပေါ့နော်"

"ဟုတ်တယ်ကွဲ့၊ အဆိမ့်ဆိုတာ ရသာခြောက်ပါးထဲက အရသာတစ်မျိုးနဲ့ တစ်မျိုး ပေါင်းစပ်မှ ဖြစ်ပေါ်တဲ့ အရသာဖြစ်လို့ပဲ၊ အရသာခြောက်ပါးအကြောင်း စုံလင်အောင် ဆွေးနွေးပြီးရင် နားလည်သွားမှာပါ။ မောင်ရင်တောင် ဆရာညှော်ခံတဲ့ ထမင်းစားဝိုင်းထဲက ဟင်းနုနယ်ရွက်ကြော်နဲ့ ပြောင်းဖူးကြော်တို့ရဲ့ အရသာကို ချိုဆိမ့်တယ်လို့ သုံးသွားတာ လက်တွေ့ပဲပေါ့"

"အချိုအရသာရဲ့ သတ္တိနဲ့အကျိုးတွေ ပြောပြပါဦး"

"အပူကို ငြိမ်းစေတယ်၊ အခိုး(အာကာသ)ကို ပိတ်စေတယ်၊ သလိပ်ကို များစေတယ်လို့ ဆေးကျမ်းများမှာ ဖွင့်ဆိုထားတယ်ကွဲ့၊ အချိုမှန်သမျှ လက်နဲ့ကိုင်ကြည့်ရင် စေးကပ်တဲ့ အချွဲဓာတ်ပါတာ တွေ့ရပါလိမ့်မယ်၊ အဲဒီစေးကပ်ချွဲတဲ့ သတ္တိက ခန္ဓာကိုယ်ထဲမှာရှိတဲ့ ချွေးပေါက်ကလေးတွေကို ပိတ်စေနိုင်တာပေါ့၊ နောက်ပြီး နှလုံးသွေးတိုးနှုန်းကိုလည်း လေးကန်သွားအောင် လုပ်နိုင်တယ်လေ"

"ဟုတ်တယ်နော်၊ မီးယပ်သွေးလွန်နေတဲ့ သူတွေအတွက် ချိုတဲ့အစားတွေ ကျွေးတာ၊ အပူငြိမ်း သွေးဆေးတွေ တိုက်တာ ဒါကြောင့်ကိုး"

"ဟုတ်တာပေါ့၊ အချိုဓာတ်က ကျဲနေတဲ့သွေးကို ပျစ်ချွဲစေးထန်းအောင် ပြုလုပ်နိုင်တာကို ပြောရရင် ဓားထိ၊ ဓားရှလို့ သွေးထွက်ရင် သကြားသိပ်ပေးတာတို့၊ နှာခေါင်းသွေးလျှံရင် သကြားရည်ကို ရှူရှိုက်လုပ်တာတို့ ထင်ရှားတဲ့သာဓကတွေပဲကွဲ့၊ အချိုအရသာဟာ ခွန်အားကို ဖြစ်စေတယ်။ အဆင်းကိုကောင်းစေ၊ ဆံပင်ကို ကောင်းစေ၊ အသံကိုကောင်းစေတယ်၊ ဝဖြိုးစေတယ်။ ခံတွင်း၊ နှာခေါင်း၊ လျှာ၊ လည်ချောင်းတို့နဲ့ သင့်တယ်။ နို့ရည်ကို ပွားစေတယ်။ သွေးနဲ့ရသာဓာတ်ကို ကြည်လင်စေတယ်ကွဲ့"

"ဟုတ်တယ်နော်၊အပူကြောင့်ဖြစ်ပေါ်တဲ့ နှလုံးတုန်၊ ရင်ခုန်တဲ့ ဝေဒနာရှင်တွေမှာ အပူရှိန်ကို နှိမ်နင်းဖို့ အချိုဓာတ်ဖြစ်တဲ့ သကြားနဲ့သွေးဆေးကို တွဲသောက်စေတာကိုး"

"ဟုတ်ပါတယ် ဆရာ၊ ချွေးငုပ်ပြီး ကိုယ်တွေပူဖျားရင် စောင်ခေါင်းမြီးခြုံပြီး ထန်းလျက်ရည် ပူကျဲကျဲလေး တိုက်စေတာ၊ အဆင်သင့်ရင် ကွမ်းရွက် တစ်ရွက်၊ နှစ်ရွက်ခန့် ဖျော်တိုက်ခြင်းဖြင့် အခိုးပွင့်ပြီး အပူကို ငြိမ်းတယ်လေ"

"အချိုတွေ လွန်ကဲစွာစားရင် ဘာဖြစ်တတ်ပါသလဲ ဘကြီးထွေး"

"အချိုတွေလွန်ကဲစွာ စားရင် အဆီ၊ သလိပ်ကြောင့်ဖြစ်တဲ့အနာတွေ၊ အဆီပွားတာတွေ၊ ဝဖြိုးမှုလွန်ကဲတာ၊ ဝမ်းမီးနှံ့တာတွေ၊ ဆီးများတာ၊ ဆုံဆို့နာ၊ ချောင်းဆိုးနာ၊ ပန်းနာ၊ ဖျားနာ၊ အသံပျက်တာ၊ လိပ်ခေါင်းနာ၊ ဆီးချိုရောဂါ၊ သလိပ်နာ၊ အနာကျက်နှေးတာ၊ အသားအရေပွတာ၊ အရိုးပွတာတွေ ဖြစ်တတ်တယ်လေ"

"ဘကြီးထွေး ဆေးဝါးအဖြစ် သုံးတာလေးလဲ ဖြည့်ပြီးပြောပြပါဦး"

"အရိုးကျိုးတာ ဆက်စေတယ်၊ ထိခိုက်ရှနာ၊ ချည့်နဲ့သူတွေနဲ့ သင့်တယ်၊ အဆိပ်သင့်တာကို ပယ်တယ်၊ ရေငတ်တာ၊ မူးဝေတာ၊ ပူလောင်တာတွေ ငြိမ်းစေတယ်၊ **အားလိုအချိုတည်း**လို့ဆိုစကား ရှိပေမယ့် လေအားနည်းလို့ လေဖြတ်တာ အစာကြေခဲသူ၊ ဆီးများတဲ့ရောဂါ၊ ဆီးချိုရောဂါရှိသူတွေအတွက်တော့ အချို အစားအစာတွေကို ရှောင်ကြဉ်ကြဖို့လိုတယ်"

"အချိုရသာများထဲမှာ နှစ်ချို့ပျားရည်၊ နှစ်ချို့သလေး၊ နှစ်ချို့မုယော၊ နှစ်ချို့ပဲနောက်၊ နှစ်ချို့ဂျုံတွေ အကျိုးပြုတယ်လို့ လေ့လာရဖူးပါတယ် အဘ"

"ပျားရည်ဆိုတာ ပျားကောင်လေးများက ပန်းအမျိုးမျိုးမှ ဝတ်ရည်တွေကို စုပ်ယူပြီး အရည်များကို သိုလှောင်ထားရာမှ ရယူရတဲ့ ပန်းပေါင်းရည်ဖြစ်လို့ ဆေးဖက်အလွန်ဝင်တယ်ဆိုတာကို အကျဉ်းချုံးပြောရရင် ကြံပွင့်ကိုစုပ်ပြီးရတဲ့ ပျားရည်က ဆီးကောင်းစေတယ်၊ ကြာပွင့်ကို စုပ်ပြီးရတဲ့ပျားရည်က နှလုံးကို အေးမြစေတယ်၊ အနန်းပင်ကို စုပ်ပြီးရတဲ့ပျားရည်က အသက်ရှည်၊ ဆံမဖြူ၊ သွားမကျိုးဘူးလို့ အဆိုရှိကြတယ်လေ"

"တိုင်းရင်းဆေးဝါးတွေမှာ ပျားရည်ကို ထည့်လဲ တွဲဖက် အသုံးပြုကြတာတော်တော်များတယ်နော်"

"ဟုတ်တယ်ကွဲ့၊ ရင်ကျပ်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်ဖြစ်ရင် ပျားရည်နဲ့ ရေနွေးဆတူရော၊ ဆားသင့်ရုံထည့်ပြီး ခပ်ပူပူလေး ထမင်းစားဇွန်းနှစ်ဇွန်း၊ သုံးဇွန်းခန့် သောက်ရင် ချက်ချင်းသက်သာသွားနိုင်သလို ဝမ်းဗိုက်အောင့်တာ၊ လေထိုးလေအောင့်ဖြစ်ရင် ပျားရည်တစ်မျိုးတည်း ထမင်းစားဇွန်း နှစ်ဇွန်း သောက်ရင် သက်သာသွားမှာဖြစ်ပါတယ်။ နောက်ပျားရည်ကို ညစဉ် ထမင်းစားဇွန်း တစ်ဇွန်း မှန်မှန်သောက်ခြင်းဖြင့် ခန္ဓာကိုယ်ဝဖြိုးစိုပြည်မှာဖြစ်ပါတယ်။ နှလုံးတုန် ရင်ခုန်၊ မောပန်းတာ၊ အိပ်မပျော်တာတို့အတွက် ပျားရည်နဲ့ ရေနွေးဆတူသောက်ခြင်းဖြင့် ပျောက်ကင်းနိုင်ပါတယ်"

"အချိုအရသာထဲက ပျားရည်ဟာ တော်တော်အသုံးဝင်တာပဲနော်"

"အချိုအရသာကို စားတဲ့အတွက် သွေးအားကောင်းစေပေမယ့် ဝဖြိုးမှုလွန်ကဲသူတွေ၊ ဓမ္မတာသွေး ထိမ်ငုပ်သူ၊ သလိပ်များသူ၊ ဆီးများသူ၊ ဆီးချိုရောဂါရှိသူတွေအတွက်တော့ ရှောင်ဖို့လိုပါတယ်၊ တိုင်းရင်းဆေးဖြစ်တဲ့ နွယ်ချိုကို လွန်ကဲစွာ စားသုံးမိရင် မျက်နှာ၊ ခြေ၊ လက်တွေ ဖောရောင်တာ၊ အားအင်ချို့တဲ့လာတာ၊ ခန္ဓာကိုယ်မှာ သွေးတိုးနှုန်း မြင့်လာတာတွေ ဖြစ်တတ်ကွဲ့။

"အချဉ်အရသာကို မျှတစွာစားရင် အစာကို ကြေစေတယ်၊ ရင်ကိုချောင်စေတယ်၊ နှုတ်မြိန်စေတယ်၊ အမောပြေ၊ အသံကောင်းစေတယ်၊ လေကိုနိုင်စေတယ် စတဲ့ အကျိုးတွေရနိုင်တယ်ကွဲ့၊ လွန်ကဲစွာစားမိရင် လူကိုပိန်စေတယ်၊ ဖျားနာစေတယ်၊ ရေငတ်ပြီး ယားနာတွေပေါက်စေတယ်စတဲ့ ဆိုးကျိုးတွေ ဖြစ်တတ်တယ်။

"အငန်ကို မျှတစွာစားရင် နှုတ်ကိုမြိန်စေတယ်၊ အစာကိုကြေစေတယ်၊ ဝမ်းမီးကိုတောက်စေတယ်၊ ခန္ဓာကိုယ် ထိုင်းမှိုင်းတာ၊ ကြမ်းတမ်းတာတွေကို ပယ်ပျောက်စေတယ်၊ ဝမ်းကိုသက်စေတယ်၊ ကျင်ကြီးကျင်ငယ်တို့ကို သုတ်သင်ရှင်းလင်းစေသလို လွန်ကဲစွာစားမိရင် ဆံပင်ကို ကျွတ်စေ၊ ဖြူစေတယ်၊ အသားအရေတွေကို တွန့်ရှုံ့စေတယ်၊ ရေယုန်နာ၊ မျက်စိနာ၊ ကိုယ်ခန္ဓာရောင်ရမ်းတာတွေကို ဖြစ်ပေါ်စေတတ်တယ်ကွဲ့"

"အခါးအရသာကို မျှတစွာစားသုံးရင် နှုတ်ကိုမြိန်စေတယ်၊ ခံတွင်းကို ရှင်းစေတယ်၊ မူးဝေတဲ့အနာ၊ ဖျားနာ၊ အဆိပ်သင့်တဲ့အနာ၊ အစာမကြေနာ၊ သွေးကြောပိတ်တာ၊ သွေးလေမလျှောက်တာတွေကို နိုင်စေတယ်လေ၊ လွန်ကဲစွာ စားမိရင်တော့ ခေါင်းကိုက်မူးဝေတာ၊ အားအင်ကုန်ခန်းတာ၊ ရေငတ်တာ၊ လူကို ပိန်စေတာတို့ကို ဖြစ်စေတယ်ကွဲ့။

"အစပ်အရသာကို မျှတစွာစားရင် ဝမ်းမီးကို တောက်စေပြီး အစာမကြေနာ၊ ယားနာ၊ အဆီခဲနာ၊ ရုပ်လေးလံထိုင်းမှိုင်းတာ၊ သွေးတိုး၊ လေငန်းနာတို့ကို ပယ်ဖျောက်စေပြီး သွေးကြော၊ လေကြောတွေကို ပွင့်လင်းစေတယ်၊ သလိပ်ကို ငြိမ်းစေတယ်၊ လွန်ကဲစွာ စားမိရင်တော့ အားအင်ကုန်ခန်းတာ၊ ရေငတ်တာ၊ ကိုယ်ခန္ဓာ ပိန်ချုံးတာ၊ မူးဝေကိုက်ခဲတာ၊ လိပ်ခေါင်းရောဂါ၊ သွေးဝမ်းရောဂါစတာတွေကို ဖြစ်စေတယ်။

"အဖန်အရသာကို မျှမျှတတစားသုံးရင် ကိုယ်သားကိုယ်ရည် စိုပြည်မယ်၊ သွေးသားကိုဖြစ်စေမယ်၊ ဆီးဝမ်းလေကို မှန်စေမယ်၊ အနာများ ပျောက်ကင်းစေပြီး သွားရောဂါ၊ သွားဖုံးရောဂါနဲ့ အပူနာတွေကို နိုင်စေတယ်ကွဲ့၊ လွန်ကဲစွာ စားသုံးမိရင်တော့ နှလုံးသွေးကြောပိတ်နာ၊ တက်တဲ့အနာ၊ ဝမ်းရောင်တဲ့အနာဖြစ်စေတဲ့အပြင် ဝမ်းကိုချုပ်စေတယ်၊ ခံတွင်းခြောက်ပြီး သွေးကြော လေကြောပိတ်တာတွေ၊ ရင်ဘတ်နာ၊ ပန်းနာစတာတွေ ဖြစ်စေတယ်ကွဲ့"

"ဘကြီးထွေး ရှင်းပြတဲ့ အရသာဓာတ်ခြောက်ပါးတို့ကို သမမျှတစွာ စားသုံးမှသာ ရောဂါဝေဒနာတွေကို ကြိုတင်ကာကွယ်ရာ ရောက်တဲ့အပြင် သက်ရှည်ကျန်းမာမှုကို အထောက်အကူပြုမှာပေါ့နော်"

"ဟုတ်တာပေါ့၊ ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်ကလည်း စားသုံးတဲ့ အစာအာဟာရနဲ့ ပတ်သက်လို့ ကြေညက်လွယ်တဲ့အစာကို စားသောက်ဖို့၊ မိမိနှင့် သင့်လျော်တဲ့အစာကို ညီညွတ်မျှတရုံ စားသောက်ဖို့၊ မသင့်လျော်တဲ့အစာကို မစားသောက်ဖို့၊ ဆွမ်းစားပြီး ရေသောက်ရန် တစ်လုတ်နှစ်လုတ်စာ လျှော့စားသောက်ဖို့၊ ဖြည်းညင်းစွာ စားသောက်ဖို့ ရဟန်းသံဃာတို့ကို ဟောကြားခဲ့ဖူးတယ်လေ"

"ဟုတ်ကဲ့၊ ဆေးဝါးဖြစ်ဖြစ်၊ အစားအသောက်ဖြစ်ဖြစ်၊ ဓာတ်စာဖြစ်ဖြစ် စားသုံးမယ်ဆိုရင် တန်ဆေး၊ လွန်ဘေးဆိုတာ အမြဲသတိပြုကြရမှာပေါ့နော် . . ."

အာဟာရနဲ့ ပတ်သက်လို့ အစာလည်းဆေး၊ ဆေးလည်း အစာလို့ ဆိုရိုးစကားအတိုင်းပြောရရင် လူတွေနေ့စဉ် စားသောက်နေကြတဲ့ အရွက်၊ အသီး၊ အပွင့်၊ အမြစ်များထဲက ဟင်းရန်အဖြစ်နဲ့ ချက်ပြုတ် စားသောက်နိုင်တာကို ဓာတ်စာလို့ခေါ်တယ်။ ဥပမာပြောရရင် ကြောင်လျှာရွက်၊ ကြောင်လျှာသီး၊ ခံတက်ရွက် စတာတွေကို ချက်ပြုတ် စားသောက်တယ်။ ကြောင်လျှာခေါက်၊ ခံတက်ခေါက် တွေကိုတော့ အမှုန့်ပြုပြီး ဆေးဝါးအဖြစ် ဖော်စပ်အသုံးပြုကြ တယ်လေ။ လူတို့အစားအစာ အဖြစ်ပဲစားစား၊ ဆေးဝါးအဖြစ်ပဲ စားစား အရသာအားဖြင့် ခြောက်ပါးပဲရှိတယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဟိုပန်မြို့ ကျောက်ချွန်တောင်ရှုရပ်ကုန်းမှ ဘိန်းအစားထိုးသီးနှံ ဆင်းရွှေလီအထူးအထွက်တိုးစပါး စိုက်ပျိုးထားရှိမှု၊ စက်မှုကုန်ကြမ်းသီးနှံ ဘိန်းအစားထိုး ရော်ဘာစိုက်ခင်းများ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

သဲအင်းဂူ တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၂၇

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၁၆)ရပ်ကွက် သာသနာ့ဒီပ သဲအင်းဂူနယ်ရိပ်သာ အမှတ်(၅) ကျောင်းတိုက်တွင် မူလ သဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ရန်ကုန်မြို့လုံးဆိုင်ရာ ဩဝါဒါစရိယ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တမုနိန္ဒ(ကျိုက်ဝိုင်း) ဆရာတော်နှင့် ဘဒ္ဒန္တသိရိန္ဒ(သာသနာဒီပ) ဆရာတော်တို့သည် စက်တင်ဘာ ၃ရက်မှ ၁၂ရက်အထိ ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ စက်တင်ဘာ ၂ ရက် ညနေအရောက် ကြွရောက်ရန်နှင့် ဆွမ်းအလှူရှင်များ စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

✻ စာမျက်နှာ ၃ မှ

စုပေါင်းဓာတ်မြေဩဇာ ကြဲပက်ပွဲအခမ်းအနားသို့ ရောက်ရှိကြပြီး ဒေသခံတောင်သူများနှင့်အတူ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ နမ့်ခမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးအောင်ဇော်လတ်က နမ့်ခမ်းမြို့နယ်၏ လယ်ယာကဏ္ဍစိုက်ပျိုးဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် အထူးအထွက်တိုး ဆင်းရွှေလီစပါးဧက ၉၅၀၀ စိုက်ပျိုးနိုင်ခဲ့မှု၊ မြို့နယ်၏ ဒေသဝမ်းစာ ဖူလုံပြည့်စုံမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်သည် စိုက်ပျိုးမှုစွမ်းအား မြင့်မားသော ဒေသတစ်ခုဖြစ်ကြောင်း၊ နမ့်ခမ်းမြို့နယ်၌ ဆင်းရွှေလီ အထူးအထွက်တိုး စပါးစိုက်ပျိုးမှုကို ၉၀ ရာခိုင်နှုန်းခန့်အထိ စိုက်ပျိုးနေသည်ကိုသိရှိရ၍ ဝင်ငွေများ တိုးတက်လာတော့မှာဖြစ်ကြောင်း၊ ရာနှုန်းပြည့် ပြည့်မီသည်အထိ ဆက်လက်စိုက်ပျိုးသွားကြရန်လိုကြောင်း ပြောကြားပြီး ဝန်ထမ်းများက ဒေသခံ တောင်သူများ၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဒေသခံတောင်သူများ၏ စံပြစိုက်ကွင်းများအတွင်း မြေဩဇာများ ကြဲပက်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မူဆယ်-နမ့်ခမ်း-ဗန်းမော် လမ်းမကြီးပေါ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁၆)က တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ရွှေလီတံတား(နမ့်ခမ်း) တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ဖြည့်စွက်ရှင်းလင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား စီမံကိန်းရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကြည်က ရွှေလီတံတား(နမ့်ခမ်း) တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် နေရာဒေသ တစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှုကွာဟမှုမရှိစေရန်နှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေး၊ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဆောင်ရွက်နေခြင်းဖြစ်ရာ သတ်မှတ်ကာလအတိုင်း အချိန်မီပြီးစီးစေရန် ဆောင်ရွက်သွားရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီစွာဆောင်ရွက်သွားကြရေး၊ အလေအလွင့်မရှိရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းအောင် ဆောင်ရွက်ကြရေး မှာကြားသည်။

ရွှေလီတံတား(နမ့်ခမ်း)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ရွှေလီတံတား(နမ့်ခမ်း)၏ နမ့်ခမ်းဘက်အပိုင်း ကမ်းကပ်ခုံ (T1) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အတွင်း ရေလမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး သတိပြု ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ရွှေလီတံတား(နမ့်ခမ်း)သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် မိုင်တိုင်(၃၀၆/၆) မန္တလေး-လားရှိုး-နမ့်ခမ်း-ဗန်းမော် လမ်းမကြီးပေါ်ရှိ ရွှေလီမြစ်ကို ဖြတ်ကျော်တည်ဆောက်လျက်ရှိသည့် တံတားဖြစ်သည်။

တံတားအရှည်ပေ ၆၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ပေ၊ တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေ အကျယ်ပေ ၄၅၀၊ အမြင့် ၃၅ပေနှင့် ခွင့်ပြုယာဉ်တန်ချိန် ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များ အရှည်ပေ ၄၄၀၊ အကျယ် ၁၃ပေရှိ တစ်လမ်းမောင်း မူလရွှေလီကြိုးတံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး တံတားကြီး ရေရှည်အသုံးပြုနိုင်ရေး ဆက်လက်ထိန်းသိမ်းဆောင်ရွက်ထားရှိရန် တာဝန်ရှိသူများအား မှာကြားသည်။

ရွှေလီ ရေအားလျှပ်စစ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာ လွယ်ချက်ကျေးရွာအုပ်စု မန်တတ်ကျေးရွာအနီး၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၇) တည်ဆောက်ရေးစီမံကိန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်တိုးက ရွှေလီရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ အကြိုအင်ဂျင်နီယာ တည်ဆောက်ရေးလုပ်ငန်းများအခြေအနေနှင့် ရေယူဥမင်၊ ရေထိန်းတမံ၊ ရေလွှဲဥမင်များ တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ စီမံကိန်းမှ ပညာရှင် အင်ဂျင်နီယာများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် စီမံကိန်းရှင်းလင်းဆောင် ရှုရပ်မှ စီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုကြသည်။

ဖြည့်ဆည်းမှာကြား

ဆက်လက်၍ ရေယူဥမင်အတွင်းသို့ မော်တော်ယာဉ်များဖြင့် ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း ဥမင်မျက်နှာစာဖွင့်ခြင်း၊ ချဉ်းကပ်ဥမင်လိုဏ်တူးဖော်ခြင်း၊ စီမံကိန်းအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

အဆိုပါ ရွှေလီရေအားလျှပ်စစ်စီမံကိန်းသည် ရွှေလီမြစ်ပေါ်၌ ရေထိန်းတမံ (Regulating Dam) တစ်ခုတည်ဆောက်၍ ရေသွယ်ဥမင်လိုဏ်ဖြင့် ရေကိုသွယ်ယူကာ တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၄၀၀ ရှိ ဓာတ်အားပေးစက်ရုံမှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၀၂၂ ကို ဓာတ်အားကွန်ရက်စနစ်မှတစ်ဆင့် ထုတ်လုပ်ဖြန့်ဖြူးရန် ရည်ရွယ်တည်ဆောက်နေခြင်းဖြစ်သည်။

ယခုအခါ ရေယူဥမင်လိုဏ်တူးဖော်ခြင်းလုပ်ငန်းများတွင် ဥမင်လိုဏ်(၁)၊ (၂)၊ (၃)နှင့် (၄)တို့မှာ ရာခိုင်နှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်းနှင့် ရေလွှဲဥမင်တူးဖော်မှုအနေဖြင့် ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် ကွတ်ခိုင်မြို့သို့ ရောက်ရှိကြပြီး ညအိပ်ရပ်နားကြသည်။

တွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဩဂုတ် ၂၆ရက် နံနက်ပိုင်းတွင် ကွတ်ခိုင်တပ်နယ် သူရအေးချိုခန်းမ၌ ကွတ်ခိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲလာမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး မိသားစု သက်သာချောင်ချိရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်သွားကြရန် မှာကြားကာ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

စံပြစိုက်ပျိုးရေးစခန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ကွတ်ခိုင်မြို့နယ် မူဆယ်-ကွတ်ခိုင်-သိန်းနီ-လားရှိုး ကားလမ်းတစ်လျှောက် ကွတ်ခိုင်တပ်နယ် တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံ တိုင်းရင်းသားများ စိုက်ပျိုးထားသည့် ကုန်းမြင့်လယ်ယာမြေဧက ၁၀၀၀ စံပြစိုက်ပျိုးရေးစခန်း လွယ်ဆမ်ဆစ် စိုက်ပျိုးရေးဇုန်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား လွယ်ဆမ်ဆစ် စိုက်ပျိုးရေးဇုန် ရှင်းလင်းဆောင်၌ ကွတ်ခိုင်တပ်နယ်မှ ဗိုလ်မှူးကြီးစံရွှေသာက လွယ်ဆမ်ဆစ်စိုက်ကွင်း၏ တည်နေရာ၊ အကျယ်အဝန်းနှင့် အဓိက စိုက်ပျိုးသောသီးနှံများ၊ ကွတ်ခိုင်တပ်နယ်မှ အနီးကပ် ကြီးကြပ်ကွပ်ကဲ၍ ကွတ်ခိုင်၊ တာမိုးညဲ၊ မုံးစီး၊ ကောင်းခါးဒေသများ၌ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ် မြင့်လှိုင်က ကွတ်ခိုင်နယ်မြေဒေသအတွင်း ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်စေရန်နှင့် ဘိန်းစိုက်ပျိုးမှု ပပျောက်စေရန် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားပြီး လွယ်ဆမ်ဆစ် စိုက်ပျိုးရေးဇုန်အတွင်း အောင်မြင်ဖြစ်ထွန်းနေသော မြေပဲ၊ ပြောင်း၊ မတ်ပဲ သီးနှံစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့သို့ရောက်ရှိကြပြီး လားရှိုးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ကျောက်မဲမြို့နှင့် နောင်ချိုမြို့များသို့ ရောက်ရှိကြပြီး မြို့နယ်များမှ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိပြီး မြန်မာ့လေကြောင်းဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မြောင်းကြီးလမ်း ရေကျော်နေ ဦးဝင်းမြ-ဒေါ်မြင့်မြင့်လွင် မိသားစုက အလှူငွေ ကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်သန်းမြင့်အောင်၊ လုပ်ငန်းစစ်အဖွဲ့ခေါင်းဆောင် ဒေါ်သန်းချိုနှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်ဒေဝီခင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၈-၂၀၀၅ (တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	Sunday Talk
၈:၀၅	တေးဂီတအစီအစဉ်
၈:၁၀	ပြည်တွင်းသတင်းအကျဉ်း
၈:၁၅	လယ်ယာလက်တွန်းထွန်စက် အသုံးပြုခြင်းနှင့် ထိန်းသိမ်းခြင်း
၈:၂၀	ဗီစီဒီမိတ်ဆက်(နှုတ်မဆက်နဲ့ ငိုချင်တယ်-၁)
၈:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၈:၄၅	လိုက်နာကြပါ
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	ပြည်တွင်းသတင်းအကျဉ်း
၉:၀၀	မြွေအန္တရာယ်နှင့် မြွေအန္တရာယ်ကြောင့် ကျောက်ကပ်ပျက်စီးခြင်းကို ကာကွယ်ကုသခြင်း
၉:၂၀	တေးဂီတအစီအစဉ်
၉:၂၅	မိုးလေဝသခန့်မှန်းချက်
၉:၃၀	ယဉ်ကျေးမှုတက္ကသိုလ် (ဂီတဌာန)
၉:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၅	တေးဂီတအစီအစဉ်
၉:၅၀	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းများက ထောက်ကူပေး
၁၀:၀၀	ဘောလုံးသမားဘက်ခမ်း
၁၀:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀	ကရင်ရိုးရာဝတ်စားဆင်ယင်မှု
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည (၂၃:၀၀)နာရီအထိ လေးကြိမ်ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League
ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်
၆:၃၀	ပွဲကြိုသုံးသပ်ချက်(၁)
လိုင်း	5-Cartoons(Live)
၇:၀၀	Middlebrough-Charlton
လိုင်း	5-Cartoons(Live)
၉:၀၀	ပွဲကြိုသုံးသပ်ချက်(၂)
လိုင်း	5-Cartoons(Live)
၉:၃၀	Newcastle-Man United
လိုင်း	5-Cartoons(Live)
၁၁:၃၀	Final Score
လိုင်း	5-Cartoons(Live)

ကန်တော်ကြီးသဘာဝဥယျာဉ်ကို ရှိရင်းစွဲသဘာဝအခြေခံများပေါ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်နေ

မူလရေးဆွဲထားသည့်ပုံစံများနှင့်အညီ တည်ဆောက်ပြုပြင်မွမ်းမံ တည်ဆောက်ပြုပြင်ထားမှုများ ရေရှည်ခိုင်မြဲအောင် ကြပ်မတ်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်မြို့တော် ကန်တော်ကြီးသဘာဝဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်ရှိ စိုက်ပျိုးရေးပြတိုက် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့တော်ကန်တော်ကြီးသဘာဝဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော် ကန်တော်ကြီး သဘာဝဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများကို Central Forest Zone၊ Education Zone၊ Relaxation Zoneနှင့် Recreation Zone ဟူ၍ ဇုန်လေးဇုန် ခွဲခြားသတ်မှတ်ခဲ့ပါကြောင်း၊ Central Forest Zoneမှလွဲ၍ ကျန်ဇုန်သုံးဇုန်ကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆောင်ရွက်ရန်ရှိနေသေးသည့် လုပ်ငန်းများကိုလည်း ဆက်လက်အဆင့်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က Central Forest Zone အတွင်း ကတ္တရာလမ်းများ ခင်းကျင်းပြီးစီးမှု၊ ပုပ္ပားတာဝါတည်ဆောက်ပြီးစီးမှု၊ ဇုန်အတွင်း ရှားပါးသစ်ပင်နှင့် ရာသီပန်းပင် ၁၂၈မျိုး အပင်ပေါင်း ၂၈၇၈ပင် တိုးချဲ့ထည့်သွင်းစိုက်ပျိုးပြီးစီးမှု၊ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် အပန်းဖြေအနားယူသူများ တိုးတက်လာမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက Education Zone အတွင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ရေချိုငါးဥယျာဉ် တည်ဆောက်ပြီးစီးဖွင့်လှစ်ခဲ့မှု၊ အပြီးသတ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှု၊ ငါးအမျိုးအစား ၅၂မျိုး၊ ကောင်ရေ ၅၅၀၀ပြသထားမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် လေ့လာအပန်းဖြေသူများ ဝင်ရောက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက Relaxation Zone အတွင်း တည်ဆောက်လျက်ရှိသည့် လုပ်ငန်းများနှင့် ပုပ္ပားတာဝါ တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု၊ ဇုန်များအတွင်း ကတ္တရာလမ်းခင်းကျင်းပြီးမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကျော်က ကန်တော်ကြီး သဘာဝဥယျာဉ် ပတ်ဝန်းကျင်ရှိ ဟိုတယ်နှင့်စားသောက်ဆိုင်များ နေရာချထားမှုနှင့် အဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းနှင့် ပြောင်းရွှေ့ဖွင့်လှစ်ပြီးသည့် လုပ်ငန်းများ အခြေအနေကိုလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက ဝန်ကြီးဌာနက ပံ့ပိုးဆောင်ရွက်ပေးမှုများကိုလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးက ဇုန်အတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများကို အရည်အသွေး စစ်ဆေးထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်မှုနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ကန်တော်ကြီးရေပြင်သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှု၊ ပြောင်းရွှေ့ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက Recreation Zone အတွင်း တည်ဆောက်ခြင်းလုပ်ငန်းပြီးစီး ဖွင့်လှစ်ခဲ့မှုနှင့် အပန်းဖြေ ဝင်ရောက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများက ကန်တော်ကြီး သဘာဝဥယျာဉ်ဘက်စုံ အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။ ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက် များနှင့်စပ်လျဉ်းပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆွေးနွေးမှာကြားရာတွင် ကန်တော်ကြီးသဘာဝဥယျာဉ်ကြီးကို ရှိရင်းစွဲ သဘာဝအခြေခံများအပေါ် အခြေခံ၍ အဆင့်မြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်၍ မူလသဘာဝ အရင်းအမြစ်များ ယိုယွင်းမှုမရှိအောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဥယျာဉ်ကြီး အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် မူလရေးဆွဲထားသည့် ပုံစံများနှင့်အညီ တည်ဆောက်ပြုပြင် မွမ်းမံသွားရေးနှင့် တည်ဆောက်မွမ်းမံပြင်ဆင်ထားမှုများ ရေရှည်ခိုင်မြဲအောင် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရန်ကုန်မြို့တော်သူ မြို့တော်သားများ အပါအဝင် ပြည်တွင်းပြည်ပမှလာရောက်အပန်းဖြေ အနားယူသူများ၊ လေ့လာသူများအတွက် စိတ်ချမ်းမြေ့စွာ အပန်းဖြေအနားယူ လေ့လာနိုင်အောင် စနစ်တကျ စီစဉ်ဆောင်ရွက်ပေးကြရန်လိုကြောင်း မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အစည်းအဝေး တက်ရောက်

နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးကျော်သူ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသော (၂၁) ကြိမ်မြောက် အာဆီယံ-ဂျပန်ဖိုရမ် အစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ အာဆီယံ-ဂျပန်ဖိုရမ် အစည်းအဝေးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသော (၂၁)ကြိမ်မြောက် အာဆီယံ-ဂျပန်ဖိုရမ် အစည်းအဝေးသို့ တက်ရောက်ပြီး ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ဒုတိယဝန်ကြီးဦးကျော်သူအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး ယာယီတာဝန်ခံ Mr. Ichiro Maruyama တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီးဦးကျော်သူ ခေါင်းဆောင်ပြီး ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလှမြင့်၊ အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြီးမြင့်တို့ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တိုကျိုမြို့၌ ဩဂုတ် ၂၅ရက်မှ ၂၆ရက်အထိ ကျင်းပခဲ့သော (၂၁)ကြိမ်မြောက် အာဆီယံ-ဂျပန်ဖိုရမ် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ဒေသတွင်းနှင့် နိုင်ငံတကာ နိုင်ငံရေး၊ လုံခြုံရေးနှင့် စီးပွားရေးကိစ္စရပ်များ၊ အာဆီယံ-ဂျပန် လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်မှုအခြေအနေများ၊ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ခရီးစဉ်အတွင်း နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူသည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာမိတိုဂျိယာဘူနာကာအား ဂျပန်နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ သွားရောက်တွေ့ဆုံပြီး နှစ်နိုင်ငံရေးရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြပြီး ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များအပေါ်တွင် အမြင်ချင်းဖလှယ်ခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံတက္ကသိုလ် မိုးလုံလေလုံ အားကစားရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



မိမိနိုင်ငံ၊ လူမျိုး၏ သမိုင်းကြောင်းအခြေခံ၊ ပကတိဘဝအခြေအနေမှန်နှင့် ဆီလျော်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် စနစ်တကျ ကြိုးပမ်းဆောင်ရွက်ပေးနေ နိုင်ငံသူ၊ နိုင်ငံသားများ ပညာရည်မြင့်မားမှု၊ ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေမှုတို့လိုအပ်

❒ **ရှေ့ဖုံးမှ**

ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင် ၂၀၀၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံတွင် ဆောင်ရွက်ရန်ကိစ္စများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အနေဖြင့် အစည်းအဝေးများ ကျင်းပပြီး ညှိနှိုင်း ဆွေးနွေးလျက်ရှိကြောင်း၊ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်မှ မတ် ၃၁ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

ထို့ပြင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီက တွေ့ရှိချက်ကို ရှင်းလင်းတင်ပြခြင်း၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များက အကြံပြုချက်များကတင်ပြခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း။

အကျေအလည်ဆွေးနွေး

ယခုကော်မရှင် အစည်းအဝေးတွင် လာမည့် အမျိုးသားညီလာခံတွင် ဆောင်ရွက်ရန်ရှိမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ၏ တင်ပြချက်များကို တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များက အကျေအလည် ညှိနှိုင်းဆွေးနွေးကြရန် ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီက တင်ပြသည့်ကိစ္စများကို တက်ရောက်လာကြသော ကော်မရှင်အဖွဲ့ဝင်များက စိစစ်အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

✧ **ကျောဖုံးမှ**

ပြောင်းလဲမှုအခြေအနေများနှင့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် ပညာရေးကဏ္ဍက အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရှင်းလင်းမှာကြားလိုကြောင်း။

မိမိတို့တပ်မတော်အစိုးရအနေဖြင့် နိုင်ငံတော်၏တာဝန်ကို ရယူခဲ့ပြီးနောက် တိုင်းပြည် တည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံသူ နိုင်ငံသားများ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားအောင် ဘက်စုံကဏ္ဍစုံက အားထုတ်ကြိုးပမ်းခဲ့ရကြောင်း။

ထိုက်သင့်သည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ တည်ဆောက်ပေးနိုင်ခဲ့ပြီဆိုလျှင် နိုင်ငံတော်၏တာဝန်ကို ပြည်သူများလက်ဝယ်သို့ အေးအေးချမ်းချမ်းဖြင့် ပြန်လည်လွှဲပြောင်းပေးနိုင်ရန် ရည်မှန်းလျက် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်း အဆင့်ဆင့်ကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ၌ ဖြန့်ကြက်ဆောင်ရွက်ပေးခဲ့ကြောင်း။

တည်ငြိမ်အေးချမ်း

ယနေ့အချိန်အခါတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တိုးတက်ဖြစ်ထွန်းမှုနှင့်အတူ နယ်စပ်ဒေသများပါမကျန် တည်ငြိမ်အေးချမ်းလျက် ပြည်သူအများ လုံခြုံအေးချမ်းမှု အကျိုးရလဒ်ကောင်းများ ခံစားနေရပြီဖြစ်ကြောင်း။

နိုင်ငံ၏စီးပွားရေး တစ်စထက်တစ်စ တိုးတက်ခိုင်မာပြီး ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဆင့်အတန်း တိုးတက်မြင့်မားလျက်ရှိသည့်အပြင် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများလည်း တစ်နိုင်ငံလုံး၌ ဖြန့်ကြက်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ နိုင်ငံတော်၏ အာဏာကို ပြည်သူအများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်အကောင် အထည်ဖော်ပေးလျက်ရှိကြောင်း။

မိမိနိုင်ငံ မိမိလူမျိုး၏ သမိုင်းကြောင်းအခြေခံများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ၊ ပကတိဘဝ အခြေအနေမှန်များနှင့် ဆီလျော်ညီညွတ်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် စနစ်တကျကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ၊ အမျိုးသား စီးပွားရေးဘဝ တောင့်တင်းခိုင်မာမှု အခြေခံကောင်းများအပြင် နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရည်မြင့်မားမှု၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် စွမ်းဆောင်ပေးနိုင်မည့် အသိပညာရှင် အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေမှုဆိုသည့် ပညာရေးဆိုင်ရာ အခြေခံကောင်းများလည်း ဖြစ်ထွန်းဖို့လိုအပ်ကြောင်း။

အသိဉာဏ်ပညာဗဟုသုတပြည့်စုံကြွယ်ဝမှ

ပြည်သူအများ ပညာရည်မြင့်မားပြီး အသိဉာဏ် ပညာဗဟုသုတပြည့်စုံကြွယ်ဝပါမှ အကောင်းအဆိုး၊ အကျိုးအပြစ်၊အမှန်အမှား ရွေးချယ်နိုင်မှာဖြစ်သည့်အပြင် မိမိတို့၏ နိုင်ငံသူ၊ နိုင်ငံသား အသိပညာရှင် အတတ်ပညာရှင်များ၏ စွမ်းအားဖြင့်သာ နိုင်ငံတော်၏ အနာဂတ်ကို တည်ငြိမ်ခိုင်မာအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ပေးနိုင်မှာ ဖြစ်ကြောင်း။

ပညာရေးဝန်ကြီး ဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဒဂုံတက္ကသိုလ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သို့ဖြစ်၍ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို အနာဂတ်ကာလတိုင် သယ်ပိုးသွားနိုင်ရေးတို့အတွက် ပညာရေးကဏ္ဍ၏ အရေးပါမှုကို သိမြင်ပြီး မိမိတို့၏ ပညာရေးဆိုင်ရာ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်သွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အခမ်းအနားသို့တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ တည်ဆောက်လျက်ရှိသည့် ဒဂုံတက္ကသိုလ် မိုးလုံလေလုံ အားကစားရုံနှင့် ဒဂုံတက္ကသိုလ် ပရဝဏ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ပုလဲရတုအကြို ဝိဇာတမင်္ဂလာ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရေတာရှည်လမ်းသစ် ရာမညဝေပုလ္လတိုက် သွေးဆေးကန် မွန်ပါဠိတက္ကသိုလ်၏ ဦးစီးပဓာန နာယက ကျောင်းထိုင်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါရ၏ သက်တော် (၈၅)နှစ်ပြည့် ပုလဲရတုအကြို ဝိဇာတမွေးနေ့ မင်္ဂလာပူဇော်ပွဲကို ၁၃၆၇ ခုနှစ် သီတင်းကျွတ်လဆန်း ၈ရက်တွင် ကျင်းပမည်ဖြစ်သည်။

ယင်းမွေးနေ့ အခမ်းအနားတွင် ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များမှ ကျောင်းပေါင်း ၁၂၆ ကျောင်း၊ ပင့်သံဃာတော် အပါး ၂၀၀ ကျော်တို့အား ပင့်ဖိတ်ကာ သွေးဆေးကန် မွန်ပါဠိတက္ကသိုလ်တွင် ဆွမ်းဆက်ကပ်၍ ဝတ္ထုပစ္စည်းများ လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

ဩဂုတ် ၂၅ရက်က အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဒုတိယအကြိမ်မြောက် မြို့နယ်ပေါင်းစုံ တံခွန်စိုက် အလေးမပြိုင်ပွဲ ဖွင့်ပွဲတွင် ရန်ကုန်တိုင်း အလေးမ ဆပ်ကော်မတီအတွက် ငွေကျပ် လေးသိန်းငါးသောင်း ငါးထောင်ကို ရှိုင်းဟုပ် ကုမ္ပဏီမန်နေဂျာ ဦးအောင်သန်းက ဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ခိုင်သို့ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈–၈–၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅	၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။ နံနက်ခင်းသတင်း
၇း၄၀	၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၅	၆။ အကပြိုင်ပွဲ
၈း၁၅	၇။ ဆပ်သွားတံတား
၈း၃၀	၈။ International News.
၈း၄၅	၉။ Say it in English
၉း၀၀	၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။ စစ်သည်တေး
၁၁း၀၅	၂။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၁၅	၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စောရဝိဇ္ဇာနှင့် မိစ္ဆာခွင်းဓား" (အပိုင်း–၃၃)**
၁၁း၅၅	၄။ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (ဘော့စ်ဘော)
၁၂း၁၀	၅။ မြန်မာရုပ်ရှင် **"ငါသူတစ်ပါး ယောက်ျားမိန်းမ" (ရန်အောင်၊ လွင်မိုး၊ ကျော်ဇေယျ၊ မေသန်းနု၊ ထက်ထက်မိုးဦး၊ ခင်ဇာခြည်ကျော်) (ဒါရိုက်တာ–ပန်းချီစိုးမိုး)**
၂း၄၅	၆။ International News.
၃း၀၀	၇။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅	၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။ English for Everyday Use.
၄း၄၅	၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅း၀၀	၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅း၁၅	၆။ **၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး (ပညာရှင်အဆင့်)(အမျိုးသမီး)**
၅း၂၅	၇။ တေးဂီတအစီအစဉ်
၅း၃၅	၈။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၅း၄၅	၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၃၀	၁၀။ ညနေခင်းသတင်း
၇း၀၀	၁၁။ မိုးလေဝသအခြေအနေ
၇း၀၅	၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိမ်းလဲ့မေတ္တာကန်သာယာ" (အပိုင်း–၂)**
၇း၃၅	၁၃။ "ထာဝစဉ်နုလှ မြန်မာ့ဂီတ" (အတီးပညာဘာသာရပ်ဆွေးနွေးခန်း) (အပိုင်း–၅)
၈း၀၀	၁၄။ ပြည်တွင်းသတင်း
	၁၅။ နိုင်ငံတကာသတင်းများ
	၁၆။ မိုးလေဝသအခြေအနေ
	၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ထာဝရချစ်သူ" (အပိုင်း–၃)**
	၁၈။ နောက်တစ်နေ့အစီအစဉ်
	၁၉။ အစီအစဉ်ပြီး၏။

တိုင်းမှူး ပုလိပ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ရန်ကုန်မြို့တော် တည်ဆောက်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများကြည့်ရှု

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်မြို့တော်ကြီးကို သန့်ရှင်းသာယာလှပပြီး နိုင်ငံတကာ အဆင့်မီ မြို့တော်ကြီးဖြစ်စေရန်နှင့် ရေစီးရေလာကောင်း၍ ကျန်းမာရေးနှင့် ညီညွတ်သော မြို့တော်ဖြစ်စေရန် ရည်ရွယ်ချက်ထားကာ ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် ယနေ့ နံနက် ၆နာရီခွဲတွင် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ကမာရွတ်မြို့နယ် လှည်းတန်းလမ်းမကြီးတစ်လျှောက် စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှုနှင့် လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်း ဆယ်ယူရှင်းလင်းလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် ပန်းဘဲတန်းမြို့နယ် ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်း လမ်းဆုံအနီးကုန်သည်လမ်းတစ်လျှောက် စက်ယန္တရားများဖြင့် ကတ္တရာလမ်း ပြုပြင်ခင်းကျင်းလျက်ရှိသည့် အခြေအနေ၊ ကုန်သည်လမ်းနှင့် ရွှေဘုံသာလမ်းဆုံအနီး အမှိုက်များ ရှင်းလင်းလျက်ရှိသည့် အခြေအနေနှင့် ကတ္တရာလမ်း ပြုပြင်ခင်းကျင်းလျက်ရှိသည့် အခြေအနေ၊ လသာမြို့နယ် စဉ့်အိုးတန်းလမ်း၊ အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား အမှိုက်များ ရှင်းလင်းခြင်း၊ လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ လမ်းမတော်မြို့နယ် လမ်းမတော်လမ်းနှင့် အနော်ရထာလမ်းဆုံ၌ ကတ္တရာလမ်းပြုပြင်ခင်းကျင်းခြင်းနှင့် လမ်းဘေးဝဲ/ယာအမှိုက်များ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက် ရှိသည့် အခြေအနေ၊ တာမွေမြို့နယ် သမိန်ဗရမ်းလမ်းနှင့် အသောကလမ်း လမ်းဆုံအနီး သမိန်ဗရမ်းလမ်းကို ကတ္တရာလမ်း ပြုပြင် ခင်းကျင်းခြင်းနှင့် လမ်းတစ်လျှောက် လမ်းဘေးရေနုတ်မြောင်း ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းဆုံ၌ စက်ယန္တရားဖြင့် ကတ္တရာလမ်းသားပြုပြင် ခင်းကျင်းလျက်ရှိမှု၊ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၄)ရပ်ကွက်ရှိ သံသုမာလမ်းဖြတ် ယင်းမာချောင်းတစ်လျှောက် အမှိုက်၊ရွှံ့နှင့် နုန်းများ ဆယ်ယူရှင်းလင်းလျက်ရှိမှု၊ ပါရမီလမ်းနှင့် သံသုမာလမ်းဆုံအနီး ဘေလီတံတား ချဉ်းကပ်လမ်းကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းကျင်းလျက်ရှိမှု၊ မြောက်ဥက္ကလာပမြို့နယ် ခုတင်(၈၀၀) အထွေထွေရောဂါကု ဆေးရုံဝင်းအတွင်း မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်နှင့် အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ စုပေါင်း၍ အမှိုက်များ ရှင်းလင်းခြင်း၊ မြက်နှင့်ချုံနွယ်များ ခုတ်ထွင် ရှင်းလင်းခြင်းနှင့် ဆေးရုံအတွင်းအပြင် ရေနုတ်မြောင်းများ ဆယ်ယူ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုများ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်တပ်မြို့ ဈေးအတွင်း ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ စုပေါင်း၍ အမှိုက်များ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်းနှင့် မြက်နှင့်ချုံနွယ်များ ခုတ်ထွင် ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဖြည့်ဆည်းမှာကြား

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က ရန်ကုန်မြို့တော်အတွင်း တိုက်တာအဆောက်အအုံများ တည်ဆောက်ရာ၌ ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်နေစဉ် ကာလအတွင်း ယာယီတည်ဆောက်ထားသည့် အချို့အဆောက်အအုံများသည် မြို့တော်၏ သန့်ရှင်းသာယာလှပမှုကို ထိခိုက်စေသဖြင့် လုပ်ငန်းများပြီးလျှင်ပြီးချင်း အမြန်ဖျက်သိမ်းရှင်းလင်းကြရန်နှင့် မိုးရွာသွန်းမှုကြောင့် ပျက်စီးနေသည့်လမ်းများကို အမြန်ပြန်လည် ပြုပြင်ကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ဆူးလေဘုရားလမ်းနှင့် ရွှေတိဂုံဘုရားလမ်းကြားရှိ ကုန်သည်လမ်းတစ်လျှောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးရာဌာနမှူးဦးဗိုလ်ခွေး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မင်္ဂလာဗျူဟာ (၇)ရက်တရားစခန်း

ရန်ကုန် ဩဂုတ် ၂၇

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ် (ဖုန်း-၃၇၀၉၅၈)တွင် အနာဂါမ် ဆရာသက်ကြီး၏ နည်းအရ အကြိမ်(၂၀)မြောက် ခုနစ်ရက် တရားစခန်းကို စက်တင်ဘာ ၃ ရက် (စနေနေ့)ညနေ ၆နာရီခွဲမှ ၁၁ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီအထိ ကျင်းပ၍ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးသန်း(ဒလ ပျော်ဘွယ်ကြီး)နှင့် ကမ္မဋ္ဌာန်းနည်းပြလေးဦးက ပြသမည်ဖြစ်ရာ စာရင်းပေးနိုင်ကြောင်းနှင့် နဝကမ္မအလှူငွေများ လှူဒါန်းနိုင်ကြောင်း သိရသည်။ (၂၃)

ရိုးသားသည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား ဂုဏ်ပြု

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့၏ စတုတ္ထအကြိမ်မြောက် ပညာသင်ဆုပေးအပ်ပွဲနှင့် ရိုးသားသည့်ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့အား ဂုဏ်ပြုပွဲ အခမ်းအနားကိုယနေ့မွန်းတည့် ၁၂နာရီတွင် သန်လျင်မြို့ရှိ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရှင်စောပုခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်က အမှာစကားပြောကြားပြီး ရိုးသားသည့်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်ဖြစ်သော တွံတေးမြို့နယ် ဌာနခွဲ(၅)မှ ယာဉ်မောင်း ဦးခင်မောင်သက်၊ ယာဉ်နောက်လိုက်ဦးခင်ဦးတို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ခရိုင်မော်တော်ယာဉ်လိုင်းပေါင်းစုံကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးသောင်းရှိန် (အငြိမ်းစား)နှင့် တာဝန်ရှိသူများက ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေ ကျပ် ၁၃ သိန်းကျော်ကို အသီးသီးပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)** (သတင်းစဉ်)

သာကေတမြို့နယ် အမှတ်(၅) အခြေခံပညာ မူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၇ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှမြင့်က စတုတ္ထတန်းတွင် မြို့နယ် ထူးချွန်ဆုရ မနှင်းပွင့်ဖြူအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဓာတ်ပုံပညာရပ်ဆိုင်ရာ ရှင်းလင်းတင်ပြ

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဝင် မျိုးဆက်သစ် ဓာတ်ပုံပညာရှင် ဘုန်းမြတ်ထူး၏ ဓာတ်ပုံပညာရပ်ဆိုင်ရာ ရှင်းလင်းတင်ပြပွဲကို ဩဂုတ်၂၇ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဂရင်းပလာဇာပတ်ခ်ရွိုင်ရယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဓာတ်ပုံအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ တာဝန်ရှိသူများ၊ ရုပ်ရှင်အနုပညာရှင်များနှင့် ဓာတ်ပုံအနုပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဓာတ်ပုံပညာရှင် ဘုန်းမြတ်ထူးက အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး ပရိသတ်များက ပြသထားသည့်ဓာတ်ပုံများကို ကြည့်ရှုကြသည်။ **(အောက်ပုံ)** (ကြေးမုံ)

ချင်းတွင်းမြစ်ရေ အခြေအနေ

ရန်ကုန် ဩဂုတ် ၂၇

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်အရ ခန္တီးမြို့၌ ၁၄၂၆စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် အနည်းငယ်ကျဆင်းနေပြီး ယနေ့ မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း စိုးရိမ်ရေမှတ် ၁၃၆၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

နည်းပြဆရာဟောင်း ဆရာငြိမ်းအားဂါရဝပြု

ရန်ကုန် ဩဂုတ် ၂၇

တက္ကသိုလ် အားကစားအရာရှိဟောင်း၊ တက္ကသိုလ် ဘောလုံးနည်းပြဆရာနှင့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း နည်းပြဆရာဟောင်း ဦးငြိမ်း၏ အသက်(၈၈)နှစ်မြောက် မွေးနေ့ ဂါရဝပြုပွဲကို ယနေ့ နံနက် ၈ နာရီက တက္ကသိုလ်ဘောလုံးကွင်းတွင် ကျင်းပသည်။ မွေးနေ့ပွဲတွင် ဆရာကြီးဦးငြိမ်းအား တပည့်များက ကန်တော့ကြပြီး ကန်တော့ငွေ ကျပ်ငါးသိန်းကျော်ကို ပေးအပ်သည်။ ဆက်လက်၍ တပည့်ဖြစ်သူ ဦးဝေလင်းက ဆရာကြီးကိုယ်စား ကျေးဇူးတင်စကားပြောကြားပြီး ဆရာကြီးဦးငြိမ်းက ဆုံးမဩဝါဒစကားပြောကြားသည်။ (က-ပ)

နိုင်ငံတော်အတွင်း မြေရိုင်းနှင့် တောရိုင်းဧရိယာဧက သန်း ၆၀ကျော်ရှိ

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် မြေကိုအကျိုးရှိစွာ အသုံးချရေးအတွက် အားပေးစီမံဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၇

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ (၁/၂၀၀၅) အစည်းအဝေးကို ဩဂုတ် ၂၆ရက် မွန်းလွဲ ၁နာရီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဗဟိုအဖွဲ့ အတွင်းရေးမှူး ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်နှင့်တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ပေါများကြွယ်ဝသည့် မြေသယံဇာတများကို စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင်သာမက အခြားဘက်စုံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများတွင် အကျိုးရှိရှိထိရောက်စွာအသုံးချနိုင်ရေးအတွက် မြေယာမူဝါဒများချမှတ်ပေးခြင်း၊ လိုအပ်သည့် လူအင်အားနှင့်ပံ့ပိုးမှုများ ဖြည့်ဆည်းပေးခြင်းစသည့်လုပ်ငန်းများကို စီမံခန့်ခွဲဆောင်ရွက်ပေးရန် လိုအပ်သည့်အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုအဖွဲ့ကို နိုင်ငံတော်က ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း။

ယင်းအဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို နိုင်ငံတော်က ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်၊တိုင်းများတွင်ဗဟိုအဖွဲ့အား အထောက်အကူပြုနိုင်ရေး အတွက် ပြည်နယ်၊တိုင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး လုပ်ငန်း အထောက်အကူပြုအဖွဲ့များကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်းမြေရိုင်းနှင့် တောရိုင်းဧရိယာ ဧက သန်း ၆၀ကျော်ရှိကြောင်း၊ ပြည်နယ်၊တိုင်းများမှ ဗဟိုအဖွဲ့ထံ စိစစ်ထောက်ခံတင်ပြလာသည့်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်/အသုံးပြုခွင့် ရရှိရေးအတွက် လျှောက်ထားတင်ပြလာသည့် တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများစုစုပေါင်း ၂၅၇၆ ဦး၊ ဧရိယာဧကအားဖြင့် ၅၄၉၅၂၂ အနက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၄၀၉ ဦး၊ ဧရိယာဧက ၄၈၃၃၆၁ တို့အား ခွင့်ပြုပေးခဲ့ပြီးကြောင်း၊ ထို့ပြင် မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် ၉၁ ဦးနှင့် ဧရိယာဧက ၁၆၃၅၆ ကိုခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်အတွက် မြေကိုအကျိုးရှိစွာ အသုံးချရေးအတွက် အားပေးစီမံဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြပြီး ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားသည်။ (သတင်းစဉ်)

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုအဖွဲ့၏ (၁/၂၀၀၅)အစည်းအဝေးတွင် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအမှာစကားပြောကြားစဉ်။ (လယ်/ဆည်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၇-၈-၂၀၀၅

မိုးကုတ်	၄ ဒသမ	၄၁လက်မ
မောင်တော	၂ ဒသမ	၆၈လက်မ
လွိုင်ကော်	၁ ဒသမ	၁၄လက်မ
ပြည်	၁ ဒသမ	၀၂လက်မ
အောင်လံ	၀ ဒသမ	၆၃လက်မ
မြင်းခြံ	၀ ဒသမ	၂၈လက်မ

ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် ဩဂုတ် ၂၆ရက် နံနက် ၈နာရီတွင်ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ပွဲဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသည့် ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဖွင့်ပွဲသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ခံနာယကများ၊ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ပြန်လည်အပ်နှံ

ရှေးဦးစွာ ယမန်နှစ်ချန်ပီယံအသင်းများဖြစ်ကြသည့် မန္တလေးတိုင်းက ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာ စစ်တုရင်ပြိုင်ပွဲ တံခွန်စိုက် ဒိုင်းဆုကို လည်းကောင်း၊ ရခိုင်ပြည်နယ်က ပြည်နယ်နှင့်တိုင်း အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆုကို လည်းကောင်း၊ ရန်ကုန်တိုင်းက ပြည်နယ်နှင့်တိုင်း စွယ်စုံတံခွန်စိုက် ဒိုင်းဆုကို လည်းကောင်း ဝန်ကြီးထံ ပြန်လည်အပ်နှံကြသည်။

ထို့နောက် ဝန်ကြီးက အမှာစကား ပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင် အားကစားအသင်းများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။ ဖွင့်ပွဲအပြီးတွင် ဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲကို စက်တင်ဘာ ၂ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန် ဝိုင်အမ်စီအေ လူမှုရေးကော်မတီ၏ (၁၂)ကြိမ်မြောက် ရှုချင်စရာမြင်ကွင်းပဒေသာ အစီအစဉ်ကို ဩဂုတ် ၂၀ရက်က ရန်ကုန် ဝိုင်အမ်စီအေ ခန်းမဆောင်တွင် ကျင်းပရာ အရှေ့တောင်အာရှလူရွေးပွဲနှင့် မြန်မာနိုင်ငံ ဆန်းဆိုဥက္ကဋ္ဌဖလား ပြိုင်ပွဲတွင် ဝိုင်အမ်စီအေမဟာကြူးနန်းသင်တန်းမှ ပထမရရှိသူ အားကစားသမားတစ်ဦးအား သဘာပတိ ဆရာဦးမြင့်လွင်ကဂုဏ်ပြုဆုချီးမြှင့်စဉ်။(က-ပ)

ဝါဆိုသံဃာတော်များအတွက် သင်္ကန်းလှူ

ရန်ကုန် ဩဂုတ် ၂၇

မန္တလေးတိုင်း ညောင်ဦးမြို့နယ် စဉ့်ကူမြို့ မြို့ကုန်းရပ်ကွက် သမိုင်းဝင်ရှေးဟောင်း စိန္တာမုနိစေတီကြီး စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်တွင် ဝါဆိုသင်္ကန်းများ ဆက်ကပ်နိုင်ရန်အတွက် လှူဒါန်းပွဲကို ဩဂုတ် ၂၆ရက် မွန်းလွဲပိုင်းက ဗိုလ်တထောင်မြို့နယ်၊ ၄၈လမ်း၊ အမှတ် (၁၀၀)ရှိ (စိုင်းဘုန်းထူး ဗီဒီယိုနှင့် ဓာတ်ပုံ စတူဒီယို)၌ ကျင်းပသည်။ လှူဒါန်းပွဲတွင် အဘွား ဒေါ်ခင်မြမြအား အမှူးထား၍ ဦးစိုင်းဘုန်းထူး-ဒေါ်ဖြူဖြူညွန့်၊ သားဘုန်းဟိန်းချမ်း၊ ဘုန်းမြတ်ထူး၊ ဘုန်းငြိမ်းချမ်း ဗိုလ်တထောင်မြို့နယ်က သင်္ကန်း ၃၁ စုံ **(အောက်ပုံ)**၊ ဗိုလ်မြတ်ထွန်းလမ်းနေ ဒေါက်တာစန်းဝင်း-ဒေါ်စန်းစန်းမေ မိသားစုက အစုံ ၂၀၊ ဝေဇယန္တာဥယျာဉ်နေ ဗိုလ်မှူးကြီးသက်စိုး-ဒေါ်ဖြူဖြူအောင် မိသားစုက ၁၀စုံ၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ ကိုဇော်မျိုးသူရ-မတင်တင်ဝင်း မိသားစုက ၁၀စုံ၊ မန္တလေးမြို့ အလုပ်သမားဆေးရုံကြီးမှ ဒေါက်တာမင်းစိန်-ဒေါက်တာမေခိုင်ချမ်းနှင့် သမီးများက ကိုးစုံ၊ ဗိုလ်တထောင်မြို့နယ်၊ ၄၈လမ်းနေ ကိုညီညီ(ဘုန်းဟိန်းချမ်း)က ကိုးစုံ၊ ရွှေသံလွင် ကုမ္ပဏီ ဦးကျော်ဝင်း-ဒေါ်နန်းမောက်လောင်ဆိုင် မိသားစုက ငါးစုံနှင့်ထီးငါးလက်၊ အထက(၁)ဒဂုံမှ ဒေါ်နုနုကြည်က ငါးစုံ၊ ဓာတ်ပုံ ခွာနီးမိသားစုက ငါးစုံ၊ ဗိုလ်မှူးကြီး ထွန်းကြည်-ဒေါ်သန်းသန်းမြ မိသားစုက ကျပ်တစ်သောင်း အပါအဝင် အလှူရှင် ၃၄ဦးက စုစုပေါင်း သင်္ကန်း အစုံ ၁၄၀ နှင့် ထီးခြောက်လက်အား ပေးအပ်လှူဒါန်းရာ ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့(အင်းစိန်) အဖွဲ့နာယက ဦးစိုးဝင်း၊ ဥက္ကဋ္ဌ ဦးဘိုကြည်၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်စိုး၊ အတွင်းရေးမှူး ဦးခင်မောင်ညွန့်၊ ဦးအောင်နိုင်ဦး(တွဲဖက်အတွင်းရေးမှူး) တို့က လက်ခံရယူကြသည်။ (၆၁)

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုမြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ဦးဦးဗွန်း[ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန]-ဒေါ်နွဲ့နွဲ့ဝင်း၊ သမီးမတင်ဇာဦးဗွန်း၊ မေသူဦးဗွန်း၊ မောင်နေအောင်ချို၊ ဖူးငုံဦးဗွန်း မိသားစု မြလမ်းသွယ်(၁) ရတနာအိမ်ရာက အလှူတော်ငွေ ကျပ်သုံးသိန်းကို ဘဏ္ဍာရေးမှူးဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တစ်ပြည်လုံးတွင် မိုးလျော့နည်းမည်

ရန်ကုန် ဩဂုတ် ၂၇

လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။ ဩဂုတ် ၂၈ရက်နေ့ညနေထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် မိုးလျော့နည်းမည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း ပညာရည်ချွန်ဆုပေးအပ်ပွဲများတက်ရောက်၍ ဂုဏ်ပြုဆုများချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့နံနက် ၈နာရီခွဲတွင် မန္တလေးတိုင်း ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ကျင်းပသော တတိယအကြိမ်မြောက် ပညာရည်ချွန် ဆုပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူ ၃၃ဦးနှင့် ဂုဏ်ထူးများရရှိအောင် သင်ကြားပို့ချပေးခဲ့ကြသော ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုများချီးမြှင့်သည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ပညာရည် တိုးတက် မြင့်မားရေးဆိုင်ရာများနှင့် ပတ်သက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ရာ လေးဘာသာ ဂုဏ်ထူးရှင် အထက (ညောင်ဦး)မှ မောင်သက်အောင်၊ သုံးဘာသာ ဂုဏ်ထူးရှင်များ ဖြစ်ကြသည့် အထက (ငါ့သရောက်) မှ မောင်ကျော်ကိုကိုနှင့် မောင်တင်အောင်ချို၊ နှစ်ဘာသာ ဂုဏ်ထူးရှင်များဖြစ်ကြသည့် အထက (ညောင်ဦး)မှ မခင်ချမ်းမြေ့ကျော်၊ မောင်ချမ်းမြေ့အောင်နှင့် မောင်ဟိန်းဇော်ဦး၊ အထက(ပုဂံ)မှ မဝါဝါမွန်၊ မောင်တေဇာစိုးလင်းနှင့် မောင်ကျော်ဇင်ဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် အထက (ညောင်ဦး)၊ အထက (ပုဂံ)၊ အထက (တောင်ဇင်း) တို့မှ တက္ကသိုလ်ဝင် စာမေးပွဲတွင် တစ်ဘာသာ ဂုဏ်ထူးများရရှိကြသည့် ကျောင်းသား၊ ကျောင်းသူ ၂၄ဦးတို့အား မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်၊ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးများရရှိအောင် သင်ကြားပို့ချပေးခဲ့ကြသော မြို့နယ်ပညာရေးမှူး အပါအဝင် အထက (ညောင်ဦး)၊ အထက(ခွဲ) (ဖလန်ကန်)၊ အထက (ပုဂံ)၊ အထက(ခွဲ) (လက်ဝဲ)၊ အထက (ခွဲ) (ကြံအို)၊ အထက(ခွဲ) (စဥ့်ကူ)၊ အထက(တောင်ဇင်း)နှင့် အထက(ခွဲ) (တက်မ)တို့မှ ကျောင်းအုပ်ကြီး များနှင့် ဆရာ၊ ဆရာမ စုစုပေါင်း ၄၆ဦးတို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးစိုးမင်းက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် နံနက် ၁၀နာရီခွဲတွင် မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့သို့ရောက်ရှိပြီး ကျောက်ပန်းတောင်းမြို့နယ် အားကစားခန်းမ၌ ကျင်းပသော ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ပညာရည် မြင့်မားတိုးတက်ရေးကိစ္စများနှင့် စပ်လျဉ်း၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ရာ ရှေးဦးစွာ ငါးဘာသာ ဂုဏ်ထူးရှင်များဖြစ်ကြသော မရင်ငြိမ်းပွင့်နှင့် မောင်သူရအောင်တို့အား အပ်ချုပ်စက်တစ်လုံးစီနှင့် ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် လေးဘာသာ ဂုဏ်ထူးရှင်များဖြစ်ကြသော မနန်းသီရိထွန်း၊ မောင်ဇေယျာဖြိုး၊ မောင်ဝေလျှံဖြိုးမောင်၊ မောင်ဟန်စိုးလင်း၊ မောင်နေလင်း၊ မောင်နိုင်လင်းအောင်၊ မောင်ဝေယံသူနှင့် မဆွေနွယ်ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်း၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးနှင့် အလုပ်အမှုဆောင် ဦးမြင့်သိန်းတို့က သုံးဘာသာဂုဏ်ထူးရှင် ၁၂ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၆ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၃၂ဦး တို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်အောင် သင်ကြားပေးခဲ့ကြသော ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမ ၄၄ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ထို့နောက် အလှူရှင်များက အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောက်ပန်းတောင်းမြို့ မြို့မရပ်ကွက်နေ ဦးသန်းဌေးမောင် မိသားစုက ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ် ဒါဇင် ၁၅၀ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများကိုယ်စား လေးဘာသာ ဂုဏ်ထူးရှင် မောင်သူရအောင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား အပြီးတွင် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ကျောက်ပန်းတောင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်မြသန်းသို့ အလှူငွေ ကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိပြီး စက်မှု(၁) ထုတ်ကုန်ပစ္စည်းများဖြစ်သည့် အဝတ်အထည်များ၊ ဆေးဝါးပစ္စည်းများ၊ လူအသုံးအဆောင်ပစ္စည်းများ၊ စာရေးကိရိယာများ ရောင်းချမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပစ္စည်းများ ပြတ်လပ်မှုမရှိရန် စနစ်တကျ မှာယူသိုလှောင်ရေး၊ ဝန်ကြီးဌာနမှ အခါအား လျော်စွာ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရေးမှာကြားသည်။

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် ကျောက်ပန်းတောင်းမြို့အဝင် မိတ္ထီလာ ကားလမ်းဘေးတွင် တည်ထားကိုးကွယ်ရန် တည်ဆောက်လျက်ရှိသော မြို့ဦးစေတီ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးပြီး တည်ထားကိုးကွယ်မည့် စေတီ ရေရှည်တည်တံ့ ခိုင်မြဲစေရန် စနစ်တကျ လေ့လာစမ်းသပ်ဆောင်ရွက်သွားရေး မှာကြားသည်။

ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် ညနေပိုင်းတွင် ဝဲလောင်အခြေခံပညာ အထက်တန်းကျောင်း ဗိုလ်ရာညွန့် ခန်းမဆောင်၌ ကျင်းပသော ဒသမအကြိမ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်၍ ပညာရည်မြင့်မား တိုးတက်ရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ဝဲလောင်အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်းက ကျောင်း၏ ပညာရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင် စာမေးပွဲတွင် နှစ်ဘာသာဂုဏ်ထူးရှင် မလွင်ဦးမေနှင့် တစ်ဘာသာဂုဏ်ထူးရှင် မောင်ပြည့်သာဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ထူးရရှိအောင် သင်ကြားပြသပေးသည့် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် ညနေပိုင်းတွင် ဆီမီးကန်အခြေခံပညာအထက်တန်း ကျောင်းခွဲ၌ ကျင်းပသော သတ္တမအကြိမ် ပညာရည်ချွန်ဆုပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နှစ်ဘာသာဂုဏ်ထူးရရှိသော မောင်ငြိမ်းဌေးဝင်းနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပို့ချပေးသော ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ဆီမီးကန်နှင့် ရုံးတော အခြေခံပညာ အထက်တန်းကျောင်းခွဲများရှိ ဆရာ၊ ဆရာမများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် ညနေပိုင်းတွင် တလိုင်းရပ်ရွာသစ် အခြေခံပညာ အထက်တန်းကျောင်း ဦးအာလောကခန်းမ၌ ကျင်းပသည့် နဝမအကြိမ် ပညာရည်ချွန် ဆုပေးအပ်ပွဲသို့တက်ရောက်၍ အမှာစကားပြောကြားပြီး ဂုဏ်ထူးရရှိသူများနှင့် ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ကျောက်ပန်းတောင်းမြို့အဝင် ကားလမ်းနံဘေး၌ တည်ဆောက်လျက်ရှိသော မြို့ဦးစေတီ ဆောက်လုပ်ရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)



ရန်ကုန်မြို့ လသာမြို့နယ် ၂၄လမ်းနေ ဦးကျော်သန်းမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်တစ်သိန်းတစ်သောင်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။ (က-ပ)

ကာကွယ်ရေးဦးစီးချုပ် (လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

(၁၃)ကြိမ်မြောက် ကာကွယ်ရေး ဦးစီးချုပ် (လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၂၆ရက် ညနေ ၆နာရီတွင် မင်္ဂလာဒုံ လေတပ်စခန်း ဌာနချုပ် သူရမောင်သိန်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မင်္ဂလာဒုံ လေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်၊ ကာကွယ်ရေးဦးစီး ချုပ်ရုံး(လေ)မှ ဦးစီးအရာရှိကြီးများ၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဒိုင်လူကြီးများ၊ အရာရှိ၊ စစ်သည်မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အသင်းခုနစ်သင်းမှ အသင်းအုပ်ချုပ်သူနှင့် အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တက်ရောက်လာကြသူများက လက်ဝှေ့ပြိုင်ပွဲ သတ်မှတ်ဝိတ်တန်းအလိုက် ဗိုလ်လုပွဲ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ သတ်မှတ်ဝိတ်တန်းအလိုက် ဆုရရှိကြသူများအား တာဝန်ရှိသူများက လည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆုရ မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား မင်္ဂလာဒုံ လေတပ် စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်က တံခွန်စိုက်ဒိုင်းဆုကြီးကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၅ ခုနှစ် ဩဂုတ်လအတွက်
(၂၈-၈-၂၀၀၅)ရက်နေ့
၂၀၀၅ ခုနှစ် စက်တင်ဘာလအတွက်
(၁၁-၉-၂၀၀၅)ရက်နေ့ နှင့်
(၂၅-၉-၂၀၀၅)ရက်နေ့

တိုက်ကျွေး

မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ် (၈) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုကို ဩဂုတ် ၁၅မှ ၂၀ရက်အထိ ကျောင်းအတွင်း ဆောင်ရွက်ရာ ကျောင်းသား၊ ကျောင်းသူများအား သန့်ချဆေးတိုက်ကျွေးစဉ်။

(မြို့နယ်ပညာရေး)

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသပ်ရပ် သာယာလှပရေးနှင့် လမ်းဘေးရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဩဂုတ် ၂ ရက်က စက်ယန္တရားကြီးများဖြင့် ရေနုတ်မြောင်းများ တူးဖော်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမျိုးမင်းသန့် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

မိုးကုတ် ဩဂုတ် ၂၀

မိုးကုတ်မြို့နယ် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ဗိုလ်ချုပ်လမ်းနှင့် ပန်းခြံတာ ပွဲလမ်းတစ်လျှောက်တွင် ဩဂုတ် ၃ရက်က ဦးဝင်းဇော် ဒုတိယဦးစီးမှူး(သန့်) ဦးဆောင်၍ မြေကော်စက်ဖြင့် ရေမြောင်းများရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ကြသည်။

လုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးသည်။ **(နယ်စပ်စည်ပင်)**

ရေငန်ပုစွန် မျိုးသားပေါက်ကောင်ရေ သုံးသန်း စိုက်ထည့်

ပုသိမ် ဩဂုတ် ၁၁

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန၊ ပုသိမ်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနတို့ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ပုလဲနဒီကုမ္ပဏီ ရေငန်ပုစွန်သားပေါက်စခန်းမှ ရောဂါကင်းရှင်းကြောင်း စစ်ဆေးပြီးသည့် ရေငန်ပုစွန် သားပေါက် ကောင်ရေသုံးသန်း၊ တန်ဖိုးငွေကျပ် သိန်း ၁၂၀ ခန့်ကို ငွေဆောင်မြို့နယ်ခွဲ သဇင်ကျေးရွာ ပင်လယ်ပြင်ဒီရေရောက်ရှိသည့် တောအတွင်းသို့ ရေငန်ပုစွန်မျိုး စိုက်ထည့်သည့် အခမ်းအနားကို ဩဂုတ် ၁၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသွင်၊ ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသန်းဦးဝေ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းမြင့်စော၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်အေးတို့ ဦးဆောင်ပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် ပြည်သူစုပေါင်း၍ ရေငန်ပုစွန် သားပေါက်များ စိုက်ထည့်ကြသည်။ **(အပေါ်ပုံ) (ခရိုင်ပြန်/ဆက်)**

စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်

မန္တလေး ဩဂုတ် ၁၂

မန္တလေးခရိုင် (စည်ပင်သာယာနယ်မြေပြင်ပ)ရှိ အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေ ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၂ရက် မွန်းလွဲ ၁ နာရီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ (စည်ပင်သာယာပြင်ပ)ဥက္ကဋ္ဌ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်နှင့် အဖွဲ့ဝင်များ၊ အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ (စည်ပင်ပြင်ပ)ဥက္ကဋ္ဌ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းက အမှာစကားပြောကြားပြီး အဖွဲ့ဝင် တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်းနှင့် ခရိုင်ဥက္ကဋ္ဌတို့က အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်း ၂၇ဦးတို့ကို တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီ ချီးမြှင့်ပေးအပ်သည်။ **(၄၆၉)**

မြို့နယ်သတင်းများ

ဇူလိုင် ၃၀ ရက်က မကွေးတိုင်း မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မင်းလှမြို့အဝင် ဆိုင်းဘုတ်မြေနေရာ၌ မြေယာရှုခင်းအလှအား အမှုဆောင်အရာရှိ ဦးခင်မောင်ထွေးနှင့် အဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြေယာရှုခင်းအလှ ပြုပြင်ဆောင်ရွက်

မိုးကောင်း ဩဂုတ် ၁၂

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့စိမ်းလန်းစိုပြည်ရေး၊ သာယာလှပရေးနှင့် ပြည်သူများ စိတ်ချမ်းမြေ့မှုရရှိစေရေးအတွက် ပျိုးဥယျာဉ်များထူထောင်ခြင်း၊ လမ်းဘေးဝဲ၊ယာ၌ ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ မြေခင်းအလှပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၁ ရက်က မိုးကောင်းမြို့အဝင် ဆိုင်းဘုတ်အနီးတစ်ဝိုက်နှင့် မြို့တွင်း ဦးဘိုးစောလမ်းဘေးဝဲ၊ယာ တစ်လျှောက်၌ အဖွဲ့ဝန်ထမ်းများ စုပေါင်း၍ မြေယာရှုခင်းအလှဆင်ခြင်း လုပ်ငန်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မြတ်မြတ်သူတို့ ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ **(၄၉၉)**

အနေ့ယာဉ်များ စည်းကမ်းလိုက်နာရေး ဆွေးနွေး

ကောလင်း ဩဂုတ် ၁၂

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကြီးမှူး၍ အနေ့ယာဉ်များ စည်းကမ်းလိုက်နာရေး ဆွေးနွေးပွဲကို ဩဂုတ် ၁၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးခန်းမတွင် ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်နိုင်နှင့် ဝန်ထမ်းများ၊ အနေ့ယာဉ်ပိုင်ရှင်များ၊ အနေ့ယာဉ်လုပ်သားများ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ဆွေးနွေးပွဲတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်နိုင်က အနေ့ယာဉ်များ စည်းကမ်းလိုက်နာရေး၊ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းကို လိုက်နာဆောင်ရွက်ရေး၊ အနေ့ယာဉ်များကို သတ်မှတ်ချက်အတိုင်း ပြုပြင်ရေးနှင့် ခေတ်မီသောမြို့အင်္ဂါနှင့်အညီ အနေ့ယာဉ်များကို ထားရှိရေးတို့ကို ဆွေးနွေးမှာကြားသည်။ **(၂၁၄)**

ကွင်းဆင်းဆောင်ရွက်

တမူး ဩဂုတ် ၁၅

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အတွင်း စံပြကျေးရွာ ၁၀ရွာ သတ်မှတ်လျာထားခဲ့ရာ ကနန်စံပြကျေးရွာတွင် ရွာတွင်းလမ်း၊ ဈေးနေရာ သတ်မှတ်တည်ဆောက်ထားမှုနှင့် ကျေးရွာအလကကျောင်း ပြုပြင်ခြင်းတို့အား မြို့နယ်အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့သည် ကျေးရွာဥက္ကဋ္ဌတို့နှင့်အတူ ဇူလိုင် ၃၀ ရက်က ကွင်းဆင်းဆောင်ရွက်ကြသည်။ **(နယ်စပ်စည်ပင်)**

ဇူလိုင် ၃၁ ရက်က တောင်သာမြို့နယ် မြင်းခြံ-မိတ္ထီလာ-ရန်ကုန်လမ်းမကြီးတွင် ဝဲ၊ယာသုံးပေစီ တိုးချဲ့ဆောင်ရွက်နေမှုကို မြို့နယ်ယာယီဥက္ကဋ္ဌ ဒုတိယရဲမှူး ကျင်ယုနိုင်၊ မြို့နယ်အတွင်းရေးမှူး ဦးမျိုးသန်းနှင့် မြို့နယ်ဆောက်လုပ်ရေးအင်ဂျင်နီယာ ဦးကြည်လင်းတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်ပြန်/ဆက်)

မွမ်းမံသင်တန်းဖွင့်

လှိုင်ကော် ဩဂုတ် ၁၀

ကယားပြည်နယ် လှိုင်ကော်ခရိုင်ရဲတပ်ဖွဲ့ နယ်ထိန်းမွမ်းမံသင်တန်း(အခြားအဆင့်) အမှတ်စဉ်(၁/၂၀၀၅) ဖွင့်ပွဲကို ဩဂုတ် ၈ရက်နံနက်၉နာရီက ပြည်နယ် ရဲတပ်ဖွဲ့ သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ရဲတပ်ဖွဲ့ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သိမ်းစိုး တက်ရောက်အမှာစကား ပြောကြားသည်။ သင်တန်းသို့ လှိုင်ကော်-ဒီမောဆိုး-ဖရူးဆို မြို့နယ်များမှ သင်တန်းသား ရဲတပ်ဖွဲ့ဝင် ၁၅ ဦး တက်ရောက်သည်။ **(၄၄၆)**

ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

ကလေး ဇူလိုင် ၂၅

ကလေးမြို့အား မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်မှု ရှိစေရေးအတွက် ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရန် မြို့တွင်းလမ်းဆုံ ဗိုလ်ချုပ်လမ်းဘေး ရေမြောင်းအရှည်ပေ ၁၀၀၀ ကို ဇူလိုင် ၂၅ ရက်က ရေမြောင်းတွင်းမှ အမှိုက်သရိုက်များ သယ်ယူရှင်းလင်းခြင်း၊ အဖွဲ့ပိုင် မော်တော်ယာဉ်များဖြင့် သယ်ယူစွန့်ပစ်ခြင်း လုပ်ငန်းများကို စည်ပင်ဝန်ထမ်းများ၊ ရပ်ကွက်အရန်မီးသတ်အဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ စုပေါင်းလုပ်ကိုင်နေမှုအား အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင် ကြီးကြပ်ဆောင်ရွက်သည်။ **(အောက်ပုံ) (မြို့နယ်စည်ပင်)**

မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ပညာပေးဟောပြော

ဂန့်ဂေါ ဩဂုတ် ၁၆

မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူး၍ မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ကျန်းမာရေးပညာပေး ဟောပြောပွဲကို ဩဂုတ် ၇ ရက်နံနက်က ဂန့်ဂေါမြို့ အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဂန့်ဂေါခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာက အမှာစကား ပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ မောင်မောင်စိန်နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးဌာနမှ သားဖွားဆရာမ ဒေါ်တင်မူတို့က ကျန်းမာရေးပညာပေး ဟောပြောကြသည်။

အခမ်းအနားသို့ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဆိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုနှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်အေးအေးနှင့် အဖွဲ့ဝင် အင်အား ၅၀၀ ကျော်တို့ တက်ရောက်ကြသည်။ **(၄၆၅)**

ဇူလိုင် ၂၈ရက်က မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍အမှတ်(၅) ရပ်ကွက် ဗိုလ်ချုပ်လမ်း တစ်လျှောက် ရေမြောင်းများ ရှင်းလင်းဆယ်ဖို့နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်း၏ ကြီးကြပ်မှုဖြင့် ဦးစီးအရာရှိ ဦးကျော်သူလတ်နှင့် ရပ်ကွက်ဥက္ကဋ္ဌတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ယနေ့အချိန်အခါတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တိုးတက်ဖြစ်ထွန်းမှုနှင့် အတူ နယ်စပ်ဒေသပါမကျန် တည်ငြိမ်အေးချမ်းလျက် ပြည်သူများလုံခြုံအေးချမ်းမှုခံစားနေရ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ် အကောင်အထည်ဖော်ပေးလျက်ရှိ ပညာရေးကဏ္ဍ၏ အရေးပါမှုကိုသိမြင်ပြီး ပညာရေးဆိုင်ရာ တာဝန်များကို ကျေပွန်စွာထမ်းဆောင်

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင်ရှိ ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒဂုံတက္ကသိုလ် ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ ဆွေးနွေးမှာကြားသည်။

ဆွေးနွေးမှာကြား

တွေ့ဆုံပွဲမစတင်မီ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် Video Conferencing System ဖြင့် ရန်ကုန်မြို့ ဒဂုံတက္ကသိုလ်မှတစ်ဆင့် မန္တလေးမြို့ အထက်မြန်မာပြည်အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ကထိကများအားတွေ့ဆုံလျက် မန္တလေးမြို့ရှိ တက္ကသိုလ်များ၏ ပညာရေးဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ မေးမြန်းဆွေးနွေးမှာကြားသည်။

တက်ရောက်

ဆက်လက်၍ ဒဂုံတက္ကသိုလ် ဆရာ၊ဆရာမများနှင့် တွေ့ဆုံမှာကြားခြင်းအခမ်းအနားကို ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းသည်။ အဆိုပါတွေ့ဆုံပွဲသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ ဌာနမှူးများ၊ နည်းပြ၊ သရုပ်ပြဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဒဂုံတက္ကသိုလ်နှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဦးကျော်မြင့်ဦးက ဒဂုံတက္ကသိုလ်၏ နောက်ခံသမိုင်း၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဦးရေ၊ သင်ကြားပို့ချလျက်ရှိသော အထူးပြုဘာသာရပ်များစသည့် သင်ကြားစီမံကိစ္စရပ်များကိုလည်းကောင်း၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် တက္ကသိုလ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင် ဒဂုံတက္ကသိုလ်၏ ပညာရေးဆိုင်ရာလုပ်ငန်းများ၊ သင်ကြားမှု သင်ယူမှုအထောက်အကူပြုပစ္စည်းများနှင့် အခြေခံအဆောက်အအုံများ ဖူလုံပြည့်စုံရေးလုပ်ငန်းများ၊ တက္ကသိုလ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် လမ်းပန်း ဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပံ့ပိုးနိုင်ရေးအတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

ဒဂုံတက္ကသိုလ်မှ ဆရာ၊ဆရာမကြီးများနှင့် တွေ့ဆုံရစဉ်တွင် နိုင်ငံတော် တိုးတက်ဖြစ်ပေါ် **စာမျက်နှာ ၉ ကော်လံ ၂ သို့** ✧

ဆွေးနွေးမှာကြား

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒဂုံတက္ကသိုလ် ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ပညာရေးဆိုင်ရာ အခြေခံကောင်းများ ဖြစ်ထွန်းဖို့လို

ဒီမိုကရေစီ နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှု အခြေခံကောင်းများအဖြစ် နိုင်ငံသူနိုင်ငံသားများ၏ ပညာရည်မြင့်မားမှု၊ နိုင်ငံဖွံ့ဖြိုးရေးအတွက်စွမ်းဆောင်ပေးနိုင်မည့် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေမှုဆိုသည့် ပညာရေးဆိုင်ရာ အခြေခံကောင်းများလည်း ဖြစ်ထွန်းဖို့လိုအပ်။